# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## စီမံကိန်းဦးစီးဌာန

## လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

# မြန်မာ့လယ်ယာကဏ္ဍာပို့ကုန်၊ သွင်းကုန်နှင့် ရေထွက်ပစ္စည်း တင်ပို့မှုဆိုင်ရာအစီရင်ခံစာ (၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ)



ရက်စွဲ ၂၇ - ၁၂ - ၂၀၂၃


| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၂ |
| ၃။ | ၅-နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက် | ၂ |
| ၄။ | ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက်မှ ဒီဇင်ဘာလ(၁) ရက်ထိ ပို့ကုန်တင်ပို့မှု အခြေအနေ | ၃ |
| ၅။ | ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက်မှ ဒီဇင်ဘာလ(၁) ရက်ထိ လယ်ယာကဏ္ဍ ပို့ကုန်တင်ပို့မှု အခြေအနေ | ၃-၄ |
| ၆။ | ခုနှစ်၊ ဧပြီလ(၁) ရက်မှ ဒီဇင်ဘာလ(၁) ရက်ထိ လယ်ယာထွက်ပစ္စည်း တင်ပို့မှု | ၄-၅ |
| ၇။ | ဆန်နှင့် ဆန်ကွဲ | ၅-၇ |
| ၈။ | ပဲအမျိုးမျိုး | ၇-၁၁ |
| ၉။ | ပြောင်း | ၁၁-၁၂ |
| ၁၀။ | ရာဘာစိမ်း | ၁၂-၁၃ |
| ၁၁။ | နှမ်း | ၁၃-၁၄ |
| ၁၂။ | ရေထွက်ပစ္စည်း ရောင်းချမှု အခြေအနေ | ၁၄-၁၅ |
| ၁၃။ | (၅) နှစ်တာကာလအတွင်း ပြည်ပမှသွင်းကုန်တင်သွင်းမှုနှိုင်းယှဉ်ချက် | ၁၆ |
| ၁၄။ | ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ဒီဇင်ဘာလ(၁) ရက်ထိ သွင်းကုန်တင်သွင်းမှု အခြေအနေ | ၁၆ |
| ၁၅။ | လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ | ၁၆-၁၈ |
| ၁၆။ | သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့်  နှိုင်းယှဉ်ချက် | ၁၈-၁၉ |
| ၁၇။ | သုံးသပ်ချက် | ၁၉-၂၀ |
| ၁၈။ | နိဂုံး | ၂၁ |
| ၁၉။ | နောက်ဆက်တွဲဇယားများ | |

# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်နှင့် သွင်းကုန်ဆိုင်ရာ အစီရင်ခံစာ
# (၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ)

## နိဒါန်း

၁။ မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းအလုပ်အကိုင်ရရှိမှု၊ ပြည်ပပို့ကုန်တင်ပို့မှုနှင့် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတို့တွင် အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေရာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော အချက်အလက်များအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ထိ (၅) နှစ်တာကာလအတွင်း နိုင်ငံ၏ ပို့ကုန်အမယ်အုပ်စု (၇) ခုအနက် လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေဒုတိယ အများဆုံး ရရှိနေသည်ကို တွေ့ရှိရသည်။ (နောက်ဆက်တွဲဇယား-က၊ ပုံ-၁)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၁)။ ၂၀၁၅-၁၆ မှ ၂၀၂၃-၂၄ (၁-၄-၂၀၂၃ မှ ၁-၁၂-၂၀၂၃) ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုး

## ရည်ရွယ်ချက်

၃။ လယ်ယာကဏ္ဍပို့ကုန်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များနှင့် စာရင်းဇယားများအား အချိန်နှင့်တပြေးညီ သိရှိနိုင်စေရန်နှင့် မူဝါဒချမှတ်ခြင်း၊ သုတေသနစာတမ်းများပြုစုခြင်းတို့အတွက် အထောက်အကူပြုစေရန် ရည်ရွယ်ပါသည်။

## ၅-နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက်

၄။ ပြီးခဲ့သည့် (၅) နှစ်တာကာလအတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၇,၁၅၄.၄) သန်းရှိသည့်အနက် လယ်ယာထွက်ကုန်အနေဖြင့် ဒေါ်လာ (၂,၉၈၆.၉၈) သန်းရှိခဲ့သည်ကိုတွေ့ရပြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန် တန်ဖိုးစုစုပေါင်း (၁၆,၆၂၀.၁၈) သန်းတွင် လယ်ယာထွက်ကုန်အနေဖြင့် ဒေါ်လာ (၃,၉၉၉.၀၂) သန်းရှိခဲ့ပါသည်။ (နောက်ဆက်တွဲဇယား-က)။ လယ်ယာထွက်ကုန်ပါဝင်မှုမှာ ရာခိုင်နှုန်းအားဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင်(၁၇%)၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် (၂၄%) ရှိခဲ့သောကြောင့် ပါဝင်မှုရာခိုင်နှုန်း (၇%) တိုးမြင့်လာခဲ့ပါသည်။ (ဇယား-၁)

၅။ သို့ဖြစ်၍ ၂၀၁၈-၂၀၁၉ မှ ၂၀၂၂-၂၀၂၃ ထိ (၅) နှစ်တာကာလအတွင်း စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ (၅၃၄.၂၃) သန်းလျော့နည်းခဲ့သော်လည်း လယ်ယာထွက်ကုန်ပစ္စည်း ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ (၁,၀၁၂.၀၄) သန်း တိုးတက်ရရှိခဲ့သည်။ (နောက်ဆက်တွဲ ဇယား-က)

ဇယား (၁) – ပို့ကုန်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှုရာခိုင်နှုန်းအခြေပြဇယား

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ဧပြီ မှ မတ် | ၂၀၁၉-၂၀၂၀ ဧပြီ မှ မတ် | ၂၀၂၀-၂၀၂၁ ဧပြီ မှ မတ် | ၂၀၂၁-၂၂ ဧပြီ မှ မတ် | ၂၀၂၂-၂၃ (ဧပြီ မှ မတ်) | ၂၀၂၂-၂၀၂၃ (၁-၄-၂၀၂၃ မှ ၁-၁၂-၂၀၂၃ ထိ) |
|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၁၇% | ၂၀% | ၂၇% | ၂၇% | ၂၄% | ၂၁% |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၃% | ၂% | ၀.၄၂% | ၀.၀၅% | ၀.၁၂% | ၀.၀၅% |
| ၃ | ရေထွက်ပစ္စည်း | ၄% | ၅% | ၅% | ၅% | ၅% | ၅% |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၉% | ၁၀% | ၈% | ၄% | ၂% | ၂% |
| ၅ | သစ်တောထွက်ပစ္စည်း | ၁.၁% | ၁.၀% | ၀.၈% | ၁.၀% | ၀.၈% | ၀.၅% |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၅၅% | ၅၉% | ၅၃% | ၅၇% | ၆၆% | ၆၄% |
| ၇ | အခြားပစ္စည်း | ၁၀% | ၄% | ၆% | ၅% | ၃% | ၈% |
| | **စုစုပေါင်း** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ဒီဇင်ဘာလ (၁) ရက်ထိ ပို့ကုန်တင်ပို့မှု အခြေအနေ

၆။ အစီရင်ခံကာလဖြစ်သော (၁-၄-၂၀၂၃) မှ (၁-၁၂-၂၀၂၃) အထိ ပို့ကုန်တင်ပို့မှုစုစုပေါင်း ဒေါ်လာသန်း (၉,၆၂၇.၇၉) တွင် လယ်ယာထွက်ပစ္စည်း ဒေါ်လာ(၂,၀၃၅.၇၈) သန်း၊ တိရစ္ဆာန်ထွက် ဒေါ်လာ(၅.၂၁) သန်း၊ ရေထွက် ဒေါ်လာ(၄၄၄.၃၅) သန်း၊ သတ္တုတွင်းထွက် ဒေါ်လာ (၁၈၂.၅၉) သန်း၊ သစ်တောထွက် ဒေါ်လာ(၄၄.၇၉)သန်း၊ စက်မှုကုန်ချောဒေါ်လာ (၆,၁၈၅.၂၃) သန်းနှင့် အခြားပစ္စည်းများ ဒေါ်လာ(၇၂၉.၈၄) သန်းပါဝင်ခဲ့ပါသည်။ နောက်ဆက်တွဲဇယား(က)

## ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက်မှ ဒီဇင်ဘာလ (၁) ရက်ထိ လယ်ယာကဏ္ဍ ပို့ကုန်တင်ပို့မှု အခြေအနေ

၇။ လယ်ယာထွက်ပစ္စည်းတင်ပို့မှုတွင် လယ်ယာကဏ္ဍတင်ပို့မှုအနေဖြင့် စုစုပေါင်းဒေါ်လာ (၂,၄၈၅.၃၄) သန်း တင်ပို့နိုင်ခဲ့ပြီး လယ်ယာထွက်ပစ္စည်း ဒေါ်လာ (၂,၀၃၅.၇၈) သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း ဒေါ်လာ (၅.၂၁) သန်းနှင့် ရေထွက်ပစ္စည်း ဒေါ်လာ (၄၄၄.၃၅) သန်း ပါဝင်ခဲ့သည်ကို တွေ့ရသည်။ ဇယား(၂)


ဇယား (၂) - လယ်ယာထွက်ကုန်ပစ္စည်း ပို့ကုန်တင်ပို့နိုင်မှုအခြေပြဇယား

ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁-၄-၂၀၂၃ မှ ၁-၁၂-၂၀၂၃ထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် ၂၀၂၃-၂၀၂၄ | ယခင်နှစ် ၂၀၂၂-၂၀၂၃ | ခြားနားချက် | |
| | | | | | ပမာဏ | % |
| လယ်ယာ+တိရစ္ဆာန်+ရေထွက် | | US$ | ၂,၄၈၅.၃၄ | ၂,၈၆၉.၇၁ | - ၃၈၄.၃၇ | - ၁၃.၃၉% |
| လယ်ယာထွက်ပစ္စည်း | | US$ | ၂,၀၃၅.၇၈ | ၂,၃၆၄.၁၃ | - ၃၂၈.၃၅ | - ၁၃.၈၉% |
| ၁ | **ဆန်နှင့်ဆန်ကွဲ** | **US$** | ၃၇၈.၆၄ | ၄၇၆.၅၇ | **- ၉၇.၉၃** | **- ၂၀.၅၅%** |
| | | **တန်ချိန်** | ၇၉၂,၄၁၁ .၆၁ | ၁,၃၂၈,၅၃၉ .၇၅ | **- ၅၃၆,၁၂၈ .၁၄** | **- ၄၀.၃၅%** |
| | (က) ဆန် | US$ | ၂၂၂.၃၈ | ၃၀၅.၁၅ | - ၈၂.၇၇ | - ၂၇.၁၂% |
| | | တန်ချိန် | ၄၁၇,၄၄၇.၆၆ | ၈၁၄,၁၂၈.၅၉ | - ၃၉၆,၆၈၀.၉၃ | - ၄၈.၇၂% |
| | (ခ) ဆန်ကွဲ | US$ | ၁၅၆.၂၆ | ၁၇၁.၄၂ | - ၁၅.၁၆ | - ၈.၈၄% |
| | | တန်ချိန် | ၃၇၄,၉၆၃.၉၅ | ၅၁၄,၄၁၁.၁၆ | - ၁၃၉,၄၄၇.၂၁ | - ၂၇.၁၁% |
| ၂ | **ပဲအမျိုးမျိုး** | **US$** | ၈၉၅.၄၁ | ၈၅၇.၁၉ | ၃၈.၂၂ | ၄.၄၆% |
| | | **တန်ချိန်** | ၁,၀၅၉,၃၈၁ .၈၁ | ၁,၀၉၀,၃၀၃ .၃၆ | - ၃၀,၉၂၁ .၅၅ | - ၂.၈၄% |
| ၃ | **ပြောင်း** | **US$** | ၂၇၁.၃၂ | ၃၇၂.၅၆ | - ၁၀၁.၂၄ | - ၂၇.၁၇% |
| | | **တန်ချိန်** | ၉၀၃,၆၉၈ .၅၆ | ၁,၂၁၃,၁၀၄ .၆၉ | - ၃၀၉,၄၀၆ .၁၃ | - ၂၅.၅၁% |


| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁-၄-၂၀၂၃ မှ ၁-၁၂-၂၀၂၃ထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် ၂၀၂၃-၂၀၂၄ | ယခင်နှစ် ၂၀၂၂-၂၀၂၃ | ခြားနားချက် | |
| | | | | | ပမာဏ | % |
| ၄ | နှမ်း | US$ | ၅၅.၃၄ | ၆၅.၈၁ | - ၁၀.၄၇ | - ၁၅.၉၁% |
| | | တန်ချိန် | ၃၄,၄၆၃.၃၈ | ၄၉,၆၅၁.၆၉ | - ၁၅,၁၈၈.၃၁ | - ၃၀.၅၉% |
| ၅ | ရော်ဘာစိမ်း | US$ | ၁၂၃.၆၉ | ၂၂၂.၁၄ | - ၉၈.၄၅ | - ၄၄.၃၂% |
| | | တန်ချိန် | ၉၉,၆၆၀ .၂၈ | ၁၅၅,၇၂၅ .၄၆ | - ၅၆,၀၆၅ .၁၈ | - ၃၆.၀၀% |
| ၆ | အခြားသီးနှံ | US$ | ၃၁၁.၃၈၀ | ၃၆၉.၉၀ | - ၅၈.၄၈ | - ၁၅.၈၁% |
| တိရစ္ဆာန်ထွက်ပစ္စည်း | | US$ | ၅.၂၁ | ၁၈.၂၆ | - ၁၃.၀၅ | - ၇၁.၄၇% |
| ရေထွက်ပစ္စည်း | | US$ | ၄၄၄.၃၅ | ၄၈၇.၃၂ | - ၄၂.၉၇ | - ၈.၈၂% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၂)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၃)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်


## ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁)ရက် မှ ဒီဇင်ဘာလ (၁) ရက်ထိ လယ်ယာထွက်ပစ္စည်းတင်ပို့မှု

၈။ လယ်ယာထွက်ပစ္စည်းတင်ပို့မှု ဒေါ်လာ (၂,၀၃၅.၇၈) သန်းတွင် ဆန်နှင့် ဆန်ကွဲမှာ တန်ဘိုး ဒေါ်လာ (၃၇၈.၆၄) သန်း၊ တန်ချိန် (၇၉၂,၄၁၁.၆၁)၊ ပဲအမျိုးမျိုးမှာ တန်ဘိုး ဒေါ်လာ (၈၉၅.၄၁) သန်း၊ တန်ချိန် (၁,၀၅၉,၃၈၁.၈၁)၊ ပြောင်းမှာ တန်ဘိုး ဒေါ်လာ (၂၇၁.၃၂)သန်း၊ တန်ချိန်

(၉၀၃,၆၉၈.၅၆)၊ ရာဘာစိမ်းမှာ တန်ဘိုး ဒေါ်လာ (၁၂၃.၆၉)သန်း၊ တန်ချိန်(၉၉,၆၆၀.၂၈) နှင့် ဆီထွက်သီးနှံဖြစ်သော နှမ်းမှာ တန်ဘိုး ဒေါ်လာ (၅၅.၃၄)သန်း၊ တန်ချိန် (၃၄,၄၆၃.၃၈) ပါဝင်ခဲ့ပြီး အခြားသီးနှံမှာ ဒေါ်လာ (၃၁၁.၃၈) သန်း ပါဝင်သည်ကို တွေ့ရှိရပါသည်။ (ဇယား-၂၊ ပုံ ၂၊ ၃)

## ဆန်နှင့် ဆန်ကွဲ

၉။ အစီရင်ခံကာလ(၁-၄-၂၀၂၃ မှ ၁-၁၂-၂၀၂၃) ရက်နေ့အထိ လယ်ယာထွက်ပစ္စည်းတင်ပို့မှု စုစုပေါင်း ဒေါ်လာ(၂,၀၃၅.၇၈) သန်းတွင် ဆန်နှင့် ဆန်ကွဲတင်ပို့မှုအနေဖြင့် တန်ဘိုးဒေါ်လာ (၃၇၈.၆၄) သန်း၊ တန်ချိန် (၇၉၂,၄၁၁.၆၁) တင်ပို့ခဲ့ပါသည်။ (ပုံ-၄)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၄)။ (၁-၄-၂၀၂၃ မှ ၁-၁၂-၂၀၂၃ ထိ) လယ်ယာထွက်ပစ္စည်းတင်ပို့မှု

၁၀။ ယခုအပတ်အတွင်း (၂၅-၁၁-၂၀၂၃ မှ ၁-၁၂-၂၀၂၃ ထိ) **ဆန်**တင်ပို့မှုတွင် တန်ချိန် (၂၆,၅၁၅)၊ တန်ဖိုး ကန်ဒေါ်လာ (၁၅.၀၀၁) သန်းရှိပြီး၊ ပင်လယ်ရေကြောင်းမှ တန်ချိန် (၂၄,၀၉၀) အား နိုင်ငံပေါင်း (၁၅)နိုင်ငံနှင့် နယ်စပ်မှ ဆန်တန်ချိန် (၂,၄၂၅) အား လွယ်ဂျယ်၊ ကံပိုင်တည်နှင့် ကျိုင်းတုံစခန်းတို့မှ တင်ပို့ခဲ့ပါသည်။

၁၁။ **ဆန်ကွဲ**တင်ပို့မှုတွင် တန်ချိန် (၂၂,၀၄၉) ၊ တန်ဖိုး ကန်ဒေါ်လာ (၉.၆၉၆) သန်းခန့် ရှိပြီး ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက တန်ချိန်(၁,၇၈၃)၊ တန်ဖိုး ကန်ဒေါ်လာ(၀.၇) သန်း လျော့နည်းခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ ဆန်ကွဲတန်ချိန်(၂၁,၂၀၇) အား နိုင်ငံပေါင်း (၁၁) နိုင်ငံနှင့် နယ်စပ်မှ ဆန်ကွဲတန်ချိန် (၈၄၂) အား လွယ်ဂျယ်စခန်းမှ တင်ပို့ခဲ့ပါသည်။ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ တရုတ်၊ အန်ဒိုရာနှင့် ချက်သမ္မတ

နိုင်ငံတို့သို့ တင်ပို့မှုလျော့နည်းခဲ့ပါသည်။ ပြည်တွင်းဆန်စျေးကွက်အနေဖြင့် ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၁၂၅,၀၀၀၊ ဖျာပုံပေါ်ဆန်း၊ ဒေးဒရဲပေါ်ဆန်း၊ ပေါ်ဆန်းနယ်စုံသစ် တစ်အိတ် လျှင် ကျပ် ၁၀၀,၀၀၀ ပေါက်စျေးရှိကြောင်း သိရှိရပါသည်။

ဇယား (၃)- ပြည်တွင်းဧည့်မထဆန်(မိုး)စျေးနှုန်းများ

တစ်တင်းခွဲ (၁၀၈ပေါင်)/ကျပ်

| စဉ် | စျေးကွက် | ယခုအပတ် (၁-၁၂-၂၀၂၃) | ယခင်အပတ် (၂၄-၁၁-၂၀၂၃) | ခြားနားချက် | % |
|---|---|---|---|---|---|
| ၁ | လှိုင်ကော် | ၉၀,၀၀၀ | ၉၀,၀၀၀ | - | - |
| ၂ | ဘားအံ | ၇၀,၀၀၀ | ၇၀,၀၀၀ | - | - |
| ၃ | မြိတ် | ၇၅,၀၀၀ | ၇၅,၀၀၀ | - | - |
| ၄ | ပဲခူး | ၇၄,၀၀၀ | ၇၄,၀၀၀ | - | - |
| ၅ | ပြည် | ၇၃,၀၀၀ | ၇၃,၀၀၀ | - | - |
| ၆ | မကွေး | ၈၈,၀၀၀ | ၈၈,၀၀၀ | - | - |
| ၇ | မန္တလေး | ၉၆,၀၀၀ | ၉၆,၀၀၀ | - | - |
| ၈ | နေပြည်တော် | ၈၆,၀၀၀ | ၈၆,၀၀၀ | - | - |
| ၉ | ပျဉ်းမနား | ၈၆,၀၀၀ | ၈၆,၀၀၀ | - | - |
| ၁၀ | မော်လမြိုင် | ၇၅,၀၀၀ | ၇၅,၀၀၀ | - | - |
| ၁၁ | စစ်တွေ | ၈၀,၀၀၀ | ၇၀,၀၀၀ | ၁၀,၀၀၀ | ၁၄% |
| ၁၂ | သန်လျင် | ၆၄,၅၀၀ | ၆၃,၀၀ | ၁,၅၀၀ | ၂% |
| ၁၃ | တောင်ကြီး | ၇၀,၀၀၀ | ၇၀,၀၀၀ | - | - |
| ၁၄ | လားရှိုး | ၈၄,၀၀၀ | ၈၄,၀၀၀ | - | - |
| ၁၅ | ကျိုင်းတုံ | ၈၉,၀၀၀ | ၈၉,၀၀၀ | - | - |
| ၁၆ | ပုသိမ် | ၇၂,၀၀၀ | ၇၂,၀၀၀ | - | - |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

၁၂။ အာရှဆန်စျေးကွက်တွင် အိန္ဒိယနိုင်ငံသည် ပြည်တွင်းဆန်ရောင်းလိုအားကို တိုးမြှင့်နိုင်ရန် နှင့် ပွဲတော်ရာသီကာလများအတွင်း ဆန်လက်လီစျေးနှုန်းများကို ထိန်းသိမ်းရန်အတွက် ဘာစမာ တီ မဟုတ်သောဆန်တင်ပို့မှုကို ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် တားမြစ်ပိတ်ပင်ခဲ့ပါသည်။ အိန္ဒိယအစိုးရ အရာရှိများက ဆန်တင်ပို့မှုပိတ်ပင်ခြင်းမှာ ကန့်သတ်မှုမဟုတ်ဘဲ ကြပ်မတ်ထိန်း ကျောင်းရန် ဆောင်ရွက်သည့် နည်းလမ်းတစ်ခုသာဖြစ်ကြောင်းနှင့် အိန္ဒိယနိုင်ငံ၏ ၁.၄ ဘီလီယံ ရှိသောလူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရန် ဆန်တင်ပို့မှုကို ပိတ်ပင်ခဲ့ခြင်းဖြစ်ကြောင်း၊ အိန္ဒိယ

အစိုးရမှ ဆန်တင်ပို့မှုကို ပိတ်ပင်သည့်အချိန်တွင် သတင်းမီဒီယာအချို့က ပြည်တွင်းဝယ်လိုအားကို ပြည့်မီစေမည့် ဆန်အလုံအလောက်ရှိသည်ကို ဖော်ပြခဲ့ကြောင်း၊ ကမ္ဘာ့နိုင်ငံများက အိန္ဒိယနိုင်ငံ၏ လယ်ယာကဏ္ဍနှင့် စပ်လျဉ်း၍ ပို့ကုန်ကန့်သတ်မှု၊ ပို့ကုန်အခွန်ကောက်ခံမှုနှင့် ပို့ကုန်ပိတ်ပင်မှု စသည့် ယာယီဆောင်ရွက်မှုနည်းလမ်းများ ချမှတ်ကျင့်သုံးမှုမှာ မည်သည့်အချိန်ကာလ၌ ပြီးဆုံးမည်ဖြစ်သည်ကို သိရှိလိုကြကြောင်းသိရှိရပါသည်။ ကမ္ဘာ့ဆန်လက်ကျန်မှာ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ တွင် တန်ချိန် (၁၆၇.၄၂၀) သန်း ဖြစ်ပြီး ယခင်နှစ်အလားတူကာလတွင် တန်ချိန် (၁၇၄.၇၈၄) သန်း ကျန်ရှိပါသည်။

**ဇယား (၄)- ပြည်ပတွင်ဖြစ်ပေါ်နေသော ဆန်တစ်တန် FOB ဈေးနှုန်းများ**

တန်/ဒေါ်လာ

| စဉ် | နိုင်ငံ | အမျိုးအစား | ယခုအပတ် (၄-၁၂-၂၀၂၃) | ယခင်အပတ် (၂၈-၁၁-၂၀၂၃) |
|---|---|---|---|---|
| (က) | ထိုင်း | ဆန်ဖြူ ၁၀၀ % | ၆၅၄ | ၆၁၇ |
| | | ဆန်ဖြူ ၅ % | ၆၄၀ | ၆၀၂ |
| | | ဆန်ဖြူ ၂၅ % | ၆၀၈ | ၅၇၇ |
| | | ပေါင်းဆန် ၁၀၀ % | ၆၄၀ | ၆၀၂ |
| (ခ) | ဗီယက်နမ် | ဆန်ဖြူ ၅ % | ၆၆၂ | ၆၆၇ |
| | | ဆန်ဖြူ ၂၅ % | ၆၄၇ | ၆၅၂ |
| (ဂ) | ပါကစ္စတန် | ဆန်ဖြူ ၅ % | ၅၈၇ | ၅၈၂ |
| | | ဆန်ဖြူ ၂၅ % | ၅၀၇ | ၅၀၀ |
| (ဃ) | အိန္ဒိယ | ဆန်ဖြူ ၂၅ % | - | - |
| (င) | မြန်မာ | ဆန်ဖြူ ၅ % | ၅၇၀-၅၇၅ | ၅၇၀-၅၇၅ |
| | | ဆန်ဖြူ ၁၀ % | ၅၆၀-၅၇၀ | ၅၆၀-၅၇၀ |
| | | ဆန်ဖြူ ၁၅ % | ၅၅၅-၅၆၀ | ၅၅၅-၅၆၀ |
| | | ဆန်ဖြူ ၂၅ % | ၅၅၀-၅၅၅ | ၅၅၀-၅၅၅ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ပဲအမျိုးမျိုး


၁၃။ ၁-၄-၂၀၂၃ မှ ၁-၁၂-၂၀၂၃ ရက်နေ့အထိ ပဲအမျိုးမျိုးတင်ပို့မှုမှာ တန်ဘိုး ဒေါ်လာ (၈၉၅.၄၁) သန်း၊ တန်ချိန် (၁,၀၅၉,၃၈၁.၈၁) ရှိခဲ့ပြီး၊ မတ်ပဲ တန်ဘိုး ဒေါ်လာ(၄၇၄.၁၃)သန်း၊ တန်ချိန် (၅၂၂,၃၅၄.၉၆) ဖြင့် အများဆုံး၊ ပဲတီစိမ်း တန်ဘိုး ဒေါ်လာ(၁၈၅.၉၈)သန်း၊ တန်ချိန် (၂၇၄,၄၇၆.၉၁) ဖြင့် ဒုတိယအများဆုံးနှင့် ပဲစဉ်းငုံ တန်ဘိုး ဒေါ်လာ(၁၀၁.၉၅)သန်း၊ တန်ချိန် (၁၁၃,၈၅၇.၄၄) ဖြင့် တတိယအများဆုံး တင်ပို့ခဲ့သည်ကိုတွေ့ရသည်။ ဇယား(၅)၊ ပုံ (၅၊ ၆)

## ဇယား (၅)- ပဲအမျိုးမျိုးတင်ပို့နိုင်မှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း


| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် | ကာလတူ (၂၀၂၃ ခုနှစ်၊ ဧပြီ ၁ ရက်မှ ဒီဇင်ဘာလ ၁ ရက်ထိ) | | | |
|---|---|---|---|---|---|---|---|
| | | | | ယခုနှစ် (၂၀၂၃-၂၀၂၄) | ယခင်နှစ် (၂၀၂၂-၂၀၂၃) | ခြားနားချက် | |
| | | | | | | ပမာဏ | % |
| | ပဲအမျိုးမျိုး | US$ | **၁,၄၇၀.၆၆** | ၈၉၅.၄၁ | ၈၅၇.၁၉ | ၃၈.၂၂ | ၄% |
| | | တန်ချိန် | **၁,၉၁၉,၁၅၆.၁၀** | ၁,၀၅၉,၃၈၁.၈၁ | ၁,၀၉၀,၃၀၃.၃၆ | - ၃၀,၉၂၁.၅၅ | - ၃% |
| ၁ | မတ်ပဲ | US$ | ၅၃၁.၈၀ | ၄၇၄.၁၃ | ၃၆၂.၁၂ | ၁၁၂.၀၁ | ၃၁% |
| | | တန်ချိန် | ၆၄၉,၉၄၀.၂၃ | ၅၂၂,၃၅၄.၉၆ | ၄၃၀,၇၇၂.၄၃ | ၉၁,၅၈၂.၅၃ | ၂၁% |
| ၂ | ပဲတီစိမ်း | US$ | ၄၈၉.၀၉ | ၁၈၅.၉၈ | ၂၈၈.၂၆ | - ၁၀၂.၂၈ | - ၃၅% |
| | | တန်ချိန် | ၆၉၁,၃၉၉.၂၉ | ၂၇၄,၄၇၆.၉၁ | ၃၈၃,၈၆၄.၁၃ | - ၁၀၉၃၈၇.၂၂ | - ၂၈% |
| ၃ | ပဲစင်းငုံ | US$ | ၁၈၇.၃၉ | ၁၀၁.၉၅ | ၇၄.၈၆ | ၂၇.၀၉ | ၃၆% |
| | | တန်ချိန် | ၂၃၉,၅၃၇.၇၃ | ၁၁၃,၈၅၇.၄၄ | ၉၂,၇၈၄.၁၁ | ၂၁,၀၇၃.၃၃ | ၂၃% |
| ၄ | ကုလားပဲ | US$ | ၁၃.၁၄ | ၃.၃၃ | ၁၂.၆၈ | - ၉.၃၅ | - ၇၄% |
| | | တန်ချိန် | ၁၈,၆၇၆.၈၆ | ၃,၃၂၀.၅၆ | ၁၈,၁၃၇.၅၃ | - ၁၄၈၁၆.၉၇ | - ၈၂% |
| ၅ | ပဲလွန်းဖြူ | US$ | ၄၀.၅၈ | ၂၀.၂၁ | ၁၈.၉၈ | ၁.၂၃ | ၆% |
| | | တန်ချိန် | ၆၄,၀၀၁.၇၉ | ၃၁,၃၆၅.၉၅ | ၂၇,၇၁၂.၁ | ၃,၆၅၃.၈၅ | ၁၃% |
| ၆ | မြေထောက်ပဲ | US$ | ၅၀.၃၁ | ၂၆.၉၇ | ၃၃.၀၈ | - ၆.၁၁ | - ၁၈% |
| | | တန်ချိန် | ၅၉,၄၂၅.၇၁ | ၂၁,၂၄၉.၂၁ | ၄၄,၃၁၅.၃၃ | - ၂၃,၀၆၆.၁၂ | - ၅၂% |
| ၇ | ထောပတ်ပဲ | US$ | ၂၇.၀၂ | ၁၈.၈၆ | ၂၀.၀၈ | - ၁.၂၂ | - ၆% |
| | | တန်ချိန် | ၃၃,၈၀၂.၉၈ | ၁၈,၄၅၉.၂၉ | ၂၅,၅၈၆.၁၉ | - ၇,၁၂၆.၉ | - ၂၈% |
| ၈ | ပဲယင်း | US$ | ၆၀.၇၇ | ၃၃.၉၄ | ၁၈.၆၅ | ၁၅.၂၉ | ၈၂% |
| | | တန်ချိန် | ၈,၄၆၇၂.၆၁ | ၄၃,၁၉၈.၈၅ | ၂၈,၂၉၉.၁၃ | ၁၄,၈၉၉.၇၂ | ၅၃% |
| ၉ | ပဲကြီး | US$ | ၅.၅ | ၃.၆၄ | ၄.၄၂ | - ၀.၇၈ | - ၁၈% |
| | | တန်ချိန် | ၇,၇၇၂.၉၅ | ၃,၅၇၁.၇၂ | ၆,၇၀၆.၈၇ | - ၃,၁၃၅.၁၅ | - ၄၇% |
| ၁၀ | ပဲကတ္တီပါ (စွန်တာနီ/ပြာ) | US$ | ၅.၃၃ | ၄.၉၅ | ၄.၁၉ | ၀.၇၆ | ၁၈% |
| | | တန်ချိန် | ၈,၅၁၃.၈၇ | ၈,၀၀၂.၇၃ | ၆,၆၆၁.၃၆ | ၁,၃၄၁.၃၇ | ၂၀% |
| ၁၁ | ဘိုကိတ်ပဲ | US$ | ၁၅.၂၆ | ၁.၄၇ | ၇.၅၈ | - ၆.၁၁ | - ၈၁% |
| | | တန်ချိန် | ၂၀,၉၀၈.၈၅ | ၂,၁၃၆.၇၅ | ၁၀,၂၉၈.၂၁ | - ၈,၁၆၁.၄၆ | - ၇၉% |
| ၁၂ | ပဲပုတ်စေ့ | US$ | ၀.၂၁ | ၀.၀၁ | ၀.၀၆ | - ၀.၀၅ | - ၈၃% |
| | | တန်ချိန် | ၂၂၃.၅၁ | ၈.၇၃ | ၆၉.၅၁ | - ၆၀.၇၈ | - ၈၇% |
| ၁၃ | ပဲနီကြား | US$ | ၂.၂၈ | ၁.၇၄ | ၁.၈၅ | - ၀.၁၁ | - ၆% |
| | | တန်ချိန် | ၅,၅၂၀.၃၀ | ၃,၄၀၃.၀၁ | ၄,၆၉၁.၈၅ | - ၁,၂၈၈.၈၄ | - ၂၇% |
| ၁၄ | နိုင်လွန်ပဲ | US$ | ၀.၈၇ | ၁.၁၂ | ၀.၄၉ | ၀.၆၃ | ၁၂၉% |
| | | တန်ချိန် | ၁,၂၀၇.၄၁ | ၁,၅၉၆.၅၀ | ၆၄၀.၆၀ | ၉၅၅.၉၀ | ၁၄၉% |
| ၁၅ | မြေပဲဆံ | US$ | ၄၀.၁၆ | ၁၆.၀၃ | ၉.၁၆ | ၆.၈၇ | ၇၅% |
| | | တန်ချိန် | ၃၂,၀၄၆.၁၇ | ၁၀,၅၇၅.၆၆ | ၈,၅၆၀.၀၆ | ၂,၀၁၅.၆၀ | ၂၄% |
| ၁၆ | အခြားပဲ | US$ | ၀.၉၆ | ၁.၀၉ | ၀.၇၂ | ၀.၃၇ | ၅၁% |
| | | တန်ချိန် | ၁,၅၀၅.၈၃ | ၁,၈၀၃.၅၁ | ၁,၂၀၃.၉၃ | ၅၉၉.၅၈ | ၅၀% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၅)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်




ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၆)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်

၁၄။ ယခုအပတ် (၂၈-၁၀-၂၀၂၃ မှ ၁-၁၂-၂၀၂၃) တွင် **ပဲမျိုးစုံ**တင်ပို့မှုအနေဖြင့် တန်ချိန် (၁) သောင်းကျော်၊ တန်ဖိုး ဒေါ်လာ (၁၁) သန်း တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် တန်ချိန် (၈)ထောင်ကျော် ၊ တန်ဖိုး ကန်ဒေါ်လာ (၇) သန်း လျော့နည်းခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ မတ်ပဲတန်ချိန် (၆) ထောင်ကျော်၊ ပဲတီစိမ်းတန်ချိန် (၄)ထောင်ကျော်နှင့် ပဲစဉ်းငုံ (၂၅) တန် တင်ပို့ခဲ့ပြီး နယ်စပ်မှ ပဲမျိုးစုံတန်ချိန်(၂၇၀) တန် တင်ပို့ခဲ့ပါသည်။

၁၅။ ပြည်တွင်းပဲမျိုးစုံဈေးကွက်၌ ရန်ကုန်ဈေးကွက်တွင် မတ်ပဲ(FAQ/RC) တစ်တန်လျှင် ကျပ် (၂,၇၈၀,၀၀၀) ပေါက်ဈေးရှိပြီး တစ်တန်လျှင် (၂၀,၀၀၀)ကျပ်၊ မန္တလေးဈေးကွက်တွင် မတ်ပဲ ပိဿာ ၆၀ တစ်အိတ်လျှင် ကျပ် (၂၆၂,၅၀၀) ပေါက်ဈေးရှိပြီး တစ်အိတ်လျှင် ကျပ် (၃,၅၀၀)၊ နယ်ဈေးကွက်များတွင် မတ်ပဲ ပိဿာ ၂၀ တစ်အိတ်လျှင် ကျပ် (၈,၈၀၀) ပေါက်ဈေးရှိပြီး တစ်အိတ်လျှင် ကျပ် (၁,၅၀၀) အသီးသီး ကျဆင်းသွားကြောင်း၊ ပဲစဉ်းငုံနီ(RED/RC) မှာ ရန်ကုန်ဈေးကွက်တွင် တစ်တန်လျှင် (၃,၁၀၀,၀၀၀) ကျပ် ပေါက်ဈေးရှိပြီး၊ တစ်တန်လျှင် (၁၂၅,၀၀၀) ကျပ် ကျဆင်းသွားကြောင်း၊ မတ်ပဲမှာ ပြည်တွင်းလက်ကျန် မရှိသလောက်နည်းသွားပြီး၊ မတ်ပဲအား အများဆုံး ဝယ်ယူတင်သွင်းလျှက်သော အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ပွဲတော်ကာလပြီးသွားသဖြင့် ပဲဝယ်လိုအားနည်းကာ ဈေးပြန်ကျလာခြင်းဖြစ်ကြောင်း၊ ပဲစဉ်းငုံနီ အသစ်များ ဈေးကွက်ထဲသို့ ဝင်ရောက်လာနိုင်ဖွယ်ရှိခြင်း၊ လက်ကျန်နည်းခြင်းနှင့် အိန္ဒိယဘက်မှဝယ်လိုအား လျော့နည်းခြင်းတို့ကြောင့် အရောင်းအဝယ်အေးပြီး ဈေးကျဆင်းလာနိုင်သော်လည်း အိန္ဒိယဘက်မှ ပဲစဉ်းငုံနီလိုအပ်ချက်ရှိ၍ တစ်တန်လျှင် သိန်း ၃၀ အောက် ဈေးကျဆင်းနိုင်မည့် အလားအလာ မရှိကြောင်း သိရှိရပါသည်။

## ဇယား (၆)- ပဲမျိုးစုံပြည်တွင်းဈေးနှုန်းများ

ကျပ်/တန်

| လ | မတ်ပဲ | | ပဲတီစိမ်း | | ပဲစဉ်းငုံ | | ကုလားပဲ | |
|---|---|---|---|---|---|---|---|---|
| | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ဇန်နဝါရီ | ၁,၂၄၈,၇၀၀ | ၁,၇၆၉,၄၀၀ | ၁,၆၇၀,၀၀၀ | ၁,၉၅၀,၇၀၀ | ၁,၂၀၂,၅၀၀ | ၁,၉၇၄,၀၀၀ | ၁,၀၆၀,၀၀၀ | ၂,၀၉၁,၃၀၀ |
| ဖေဖော်ဝါရီ | ၁,၂၆၈,၃၀၀ | ၁,၉၅၀,၇၀၀ | ၁,၄၆၀,၅၀၀ | ၂,၃၉၇,၅၀၀ | ၁,၁၁၀,၀၀၀ | ၂,၁၂၆,၅၀၀ | ၁,၄၁၀,၀၀၀ | ၂,၀၄၂,၃၀၀ |
| မတ် | ၁,၄၆၀,၀၀၀ | ၂,၀၆၄,၀၀၀ | ၁,၆၃၅,၁၀၀ | ၂,၂၉၆,၅၀၀ | ၁,၃၁၀,၀၀၀ | ၂,၃၁၅,၀၀၀ | ၁,၅၅၁,၄၀၀ | ၂,၂၄၇,၅၀၀ |
| ဧပြီ | ၁,၄၂၇,၃၀၀ | ၂,၁၁၈,၉၀၀ | ၁,၅၈၃,၀၀၀ | ၂,၂၉၆,၅၀၀ | ၁,၃၁၅,၀၀၀ | ၂,၃၇၀,၀၀၀ | ၁,၄၈၁,၉၀၀ | ၂,၃၄၈,၅၀၀ |
| မေ | ၁,၄၆၉,၇၀၀ | ၂,၃၁၇,၉၀၀ | ၁,၆၃၅,၁၀၀ | ၂,၃၄၅,၅၀၀ | ၁,၃၅၈,၇၅၀ | ၂,၇၃၀,၀၀၀ | ၁,၆၃၅,၁၀၀ | ၂,၅၅၃,၇၀၀ |
| ဇွန် | ၁,၅၈၃,၀၀၀ | ၂,၃၇၉,၁၀၀ | ၁,၆၃၅,၁၀၀ | ၂,၃၄၅,၅၀၀ | ၁,၃၃၀,၀၀၀ | ၃,၀၅၀,၀၀၀ | ၁,၆၈၄,၁၀၀ | ၂,၇၀၆,၈၀၀ |
| ဇူလိုင် | ၁,၆၂၂,၀၀၀ | ၂,၃၂၄,၀၀၀ | ၁,၆၈၄,၁၀၀ | ၂,၂၄၄,၄၀၀ | ၁,၄၄၇,၅၀၀ | ၃,၀၀၀,၀၀၀ | ၁,၆၅၄,၁၀၀ | ၂,၇၅၅,၈၀၀ |
| ဩဂုတ် | ၁,၈၉၀,၀၀၀ | ၂,၄၃၄,၃၀၀ | ၁,၇၃၆,၁၀၀ | ၂,၁၄၃,၄၀၀ | ၁,၉၄၀,၀၀၀ | ၃,၅၀၀,၀၀၀ | ၂,၂၂၃,၄၀၀ | ၂,၉၀၈,၉၀၀ |
| စက်တင်ဘာ | ၂,၀၃၆,၂၀၀ | ၂,၅၄၇,၅၀၀ | ၂,၁၃၄,၃၀၀ | ၂,၂၂၂,၉၀၀ | ၂,၁၃၀,၀၀၀ | ၄,၀၇၅,၀၀၀ | ၂,၁၄၃,၄၀၀ | ၂,၈၉၀,၅၀၀ |
| အောက်တိုဘာ | ၁,၈၁၂,၇၀၀ | ၂,၉၃၉,၅၀၀ | ၁,၉၉၀,၃၀၀ | ၂,၂၂၂,၉၀၀ | ၁,၉၄၀,၀၀၀ | ၄,၀၇၅,၀၀၀ | ၂,၀၉၁,၃၀၀ | ၂,၉၀၈,၉၀၀ |
| နိုဝင်ဘာ | ၁,၈၃၁,၂၀၀ | ၂,၈၄၇,၆၀၀ | ၁,၈၃၉,၂၀၀ | ၂,၁၀၀,၅၀၀ | ၁,၇၉၀,၀၀၀ | ၃,၂၅၀,၀၀၀ | ၂,၀၀၀,၀၀၀ | ၂,၈၅၉,၉၀၀ |
| ဒီဇင်ဘာ | ၁,၇၉၉,၀၀၀ | | ၁,၈၀၆,၂၀၀ | | ၁,၆၄၀,၀၀၀ | | ၂,၁၆၁,၃၀၀ | |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ဇယား (၇)- ပဲမျိုးစုံ FOB ပြည်တွင်းဈေးနှုန်းများ

ဒေါ်လာ/တန်

| လ | မတ်ပဲ | | ပဲတီစိမ်း | | ပဲစဉ်းငုံ | | ကုလားပဲ | |
|---|---|---|---|---|---|---|---|---|
| | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ဇန်နဝါရီ | ၉၆၉ | ၇၉၀ | ၉၂၂ | ၈၉၀ | ၆၀၄ | ၈၈၀ | ၆၀၀ | ၈၂၅ |
| ဖေဖော်ဝါရီ | ၇၄၀ | ၈၇၅ | ၉၇၀ | ၁,၁၀၀ | ၆၅၅ | ၈၉၀ | ၈၂၅ | ၈၇၅ |
| မတ် | ၇၆၅ | ၉၁၅ | ၉၁၀ | ၁,၀၄၀ | ၇၄၅ | ၁,၀၁၅ | ၇၀၀ | ၉၀၀ |
| ဧပြီ | ၈၂၀ | ၉၅၀ | ၉၅၀ | ၁,၀၅၀ | ၇၇၀ | ၁,၀၅၀ | ၈၆၁ | ၉၂၅ |
| မေ | ၈၇၅ | ၉၄၀ | ၉၇၀ | ၁,၀၄၀ | ၇၄၀ | ၁,၀၈၀ | ၇၅၀ | ၉၅၀ |
| ဇွန် | ၉၀၅ | ၁,၀၀၀ | ၉၄၀ | ၁,၀၂၀ | ၇၆၀ | ၁,၂၆၀ | ၇၅၀ | ၁,၀၅၀ |
| ဇူလိုင် | ၉၂၅ | ၈၉၀ | ၉၇၅ | ၉၄၀ | ၈၂၀ | ၁,၁၆၀ | ၇၅၀ | ၁,၀၅၀ |
| ဩဂုတ် | ၉၄၅ | ၉၈၀ | ၈၉၅ | ၉၃၀ | ၁,၀၀၀ | ၁,၂၂၀ | ၈၂၅ | ၁,၁၀၀ |
| စက်တင်ဘာ | ၈၆၀ | ၁,၀၃၀ | ၉၄၅ | ၉၀၀ | ၈၉၅ | ၁,၆၅၀ | ၇၇၅ | ၁,၁၀၀ |
| အောက်တိုဘာ | ၈၂၅ | ၁,၁၇၀ | ၈၇၅ | ၉၀၀ | ၈၅၅ | ၁,၃၇၀ | ၇၅၀ | ၁,၁၀၀ |
| နိုဝင်ဘာ | ၈၁၅ | ၁,၁၈၀ | ၈၂၅ | ၈၄၀ | ၈၁၀ | ၁,၂၅၀ | ၇၂၅ | ၁,၁၀၀ |
| ဒီဇင်ဘာ | ၈၀၅ | | ၈၇၀ | | ၇၅၀ | | ၇၀၀ | |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၈)- နှစ်အလိုက်ဖြစ်ပေါ်ခဲ့သော ပဲမျိုးစုံ တရုတ်နယ်စပ်မျက်နှာစာဈေး

ဒေါ်လာ/တန်

| စဉ် | ပဲအမျိုးအစား | နှစ်အလိုက်ပျမ်းမျှဈေး | | | | | | လက်ရှိဈေး |
|---|---|---|---|---|---|---|---|---|
| | | ၂၀၂၀ | | ၂၀၂၁ | | ၂၀၂၂ | | ၂၈-၁၁-၂၀၂၃ |
| | | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် | |
| ၁ | မတ်ပဲ | - | - | - | - | - | - | ၈၇၅ |
| ၂ | ပဲတီစိမ်း | ၈၁၇ | ၁,၀၂၈ | ၆၉၃ | ၇၉၈ | ၆၅၀ | ၇၀၀ | ၈၀၆ |
| ၃ | ပဲပုတ် | ၄၇၆ | ၅၁၃ | ၄၈၃ | ၅၃၀ | ၄၈၅ | ၅၀၀ | ၈၈၈ |
| ၄ | ပဲလွန်းဖြူ | ၆၀၉ | ၆၆၀ | ၆၂၂ | ၄၆၀ | ၄၆၀ | ၆၂၈ | ၆၄၂ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ပြောင်း

၁၆။ (၁-၄-၂၀၂၃ မှ ၁-၁၂-၂၀၂၃ ထိ) ပြည်ပပို့ကုန်တင်ပို့မှုတွင် **ပြောင်း** တန်ဘိုးဒေါ်လာ (၂၇၁.၃၂) သန်း၊ တန်ချိန် (၉၀၃,၆၉၈.၅၆) ပါဝင်ခဲ့သည်ကိုတွေ့ရပြီး ယခုအပတ်အတွင်း ပြောင်း တင်ပို့မှုမှာ တန်ချိန် (၂)သောင်းခန့်၊ တန်ဖိုး ဒေါ်လာ (၄.၅၉၉) သန်းရှိခဲ့ပြီး ယခင်အပတ်ထက် တန်ချိန် (၁)သောင်းကျော်၊ တန်ဖိုး ဒေါ်လာ (၂.၆၇၉) သန်း ပိုမိုခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ ဖိလစ်ပိုင်နှင့် ထိုင်ဝမ်နိုင်ငံသို့ တင်ပို့ခဲ့ပြီး နယ်စပ်တွင် မြဝတီ၊ လွယ်ဂျယ်နှင့် ကျိုင်းတုံစခန်းတို့မှ တင်ပို့ခဲ့ပါသည်။ ယခုအပတ်တွင် ပြည်တွင်းပြောင်းဈေးကွက်အနေဖြင့် မန္တလေးဈေးကွက်တွင် ပြောင်းဖူးစေ့(ရှမ်းစ) နှင့် ပြောင်းဖူးစေ့(CP) တစ်တန်လျှင် ကျပ် (၅၇၈,၃၆၈)စီ ပေါက်ဈေးရှိပြီး၊ တစ်တန်လျှင် (၂၂,၆၈၁) ကျပ် စီကျဆင်းသွားကြောင်း သိရှိရပါသည်။

ဇယား (၉)- ပြည်တွင်းပြောင်းဈေးနှုန်းများ

ကျပ်/ တန်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ယခုအပတ် (၁-၁၂-၂၀၂၃) | ယခင်အပတ် (၂၄-၁၁-၂၀၂၃) |
|---|---|---|---|
| ၁ | ရန်ကုန် | ၆၅၅,၀၀၀ | ၆၇၃,၆၀၀ |
| ၂ | မန္တလေး | ၅၇၈,၀၀၀ | ၅၈၂,၄၀၀ |
| ၃ | ရှမ်း(တောင်) | ၅၈၁,၈၀၀ | ၅၈၁,၈၀၀ |
| ၄ | ရှမ်း (မြောက်) | ၆၁၆,၈၀၀ | ၆၁၆,၈၀၀ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၁၀)- နိုင်ငံအလိုက်အစေ့ထုတ်ပြောင်းဈေးနှုန်းများ

တန်ဘိုး- USD

| စဉ် | နိုင်ငံ | ယခုအပတ် (၁-၁၂-၂၀၂၃) | ယခင်အပတ် (၂၄-၁၁-၂၀၂၃) | ခြားနားချက် | |
|---|---|---|---|---|---|
| | | | | USD | % |
| ၁ | အိန္ဒိယ | ၂၇၄ | ၂၆၄ | ၁၀ | ၃.၆၆% |
| ၂ | တရုတ် | ၂၈၀ | ၃၀၀ | - ၂၀ | - ၆.၆၇% |
| ၃ | ပါကစ္စတန် | ၁၆၈ | ၁၇၀ | - ၂ | - ၁.၂၂% |
| ၄ | ဘရာဇီး | ၂၁၄ | ၂၀၈ | ၆ | ၂.၈၈% |
| ၅ | မြန်မာ | ၂၇၅ | ၂၈၀ | - ၅ | - ၁.၇၉% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ရာဘာစိမ်း

၁၇။ (၁-၄-၂၀၂၃ မှ ၁-၁၂-၂၀၂၃ ထိ) ရာဘာစိမ်းတင်ပို့မှုအနေဖြင့် စုစုပေါင်းတန်ဘိုး ဒေါ်လာ (၁၂၃.၆၉) သန်း၊ တန်ချိန် (၉၉,၆၆၀.၂၈) တင်ပို့ခဲ့ပါသည်။ ယခုအပတ်အတွင်း တင်ပို့မှုအနေဖြင့် တန်ချိန် (၈၈၃)၊ တန်ဖိုး ဒေါ်လာ (၁.၁၅၄) သန်းရှိခဲ့သဖြင့် ယခင်အပတ်ထက် တန်ချိန် (၇၅၂)၊ တန်ဖိုး ဒေါ်လာ (၁.၀၃၄) သန်း လျော့နည်းခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ အိန္ဒိယနှင့် မလေးရှားနိုင်ငံသို့ တင်ပို့မှုလျော့နည်းခဲ့ပြီး နယ်စပ်မှ ရာဘာတန်ချိန် (၃၅၉) တန်အား လွယ်ဂျယ်၊ ကံပိုင်တည်နှင့် ကျိုင်းတုံစခန်းတို့မှ တင်ပို့နိုင်ခဲ့ပါသည်။

ဇယား (၁၁)- ပြည်တွင်း ရာဘာဈေးနှုန်းများ

ကျပ်သိန်း/တန်

| စဉ် | လ | RSS-3 (မော်လမြိုင်) | | RSS-5 (မော်လမြိုင်) | |
|---|---|---|---|---|---|
| | | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ၁ | ဇန်နဝါရီ | ၂၂.၆၉ | ၂၈.၄၃ | ၂၀.၄၉ | ၂၆.၂၂ |
| ၂ | ဖေဖော်ဝါရီ | ၂၄.၈၇ | ၂၉.၅၁ | ၂၂.၆၇ | ၂၇.၃၁ |
| ၃ | မတ် | ၂၆.၇၂ | ၂၉.၃၁ | ၂၄.၅၁ | ၂၇.၁ |
| ၄ | ဧပြီ | ၂၆.၈၁ | ၂၉.၀၉ | ၂၄.၅၇ | ၂၆.၈၈ |
| ၅ | မေ | ၂၃.၁၁ | ၃၀.၃၀ | ၂၀.၉၁ | ၂၈.၁၀ |
| ၆ | ဇွန် | ၂၅.၇၆ | ၃၁.၀၈ | ၂၃.၅၅ | ၂၈.၈၈ |
| ၇ | ဇူလိုင် | ၂၅.၆၉ | ၃၃.၆ | ၂၃.၄၈ | ၃၁.၃၉ |
| ၈ | ဩဂုတ် | ၃၀.၀၈ | ၃၅.၈၉ | ၂၇.၆၄ | ၃၃.၆၉ |
| ၉ | စက်တင်ဘာ | ၃၁.၆၂ | ၃၇.၄၃ | ၂၉.၄၁ | ၃၅.၂၂ |
| ၁၀ | အောက်တိုဘာ | ၃၂.၀၆ | ၃၇.၂၄ | ၂၉.၈၆ | ၃၅.၀၃ |
| ၁၁ | နိုဝင်ဘာ | ၂၆.၄၄ | ၃၅.၉၉ | ၂၄.၉၇ | ၃၃.၇၉ |
| ၁၂ | ဒီဇင်ဘာ | ၂၅.၈၉ | | ၂၃.၆၉ | |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၁၂)- ပြည်ပ ရာဘာဈေးနှုန်းများ

ဒေါ်လာ/တန်

| စဉ် | လ | RSS-3 (ထိုင်း) | | RSS-5 (ထိုင်း) | |
|---|---|---|---|---|---|
| | | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ၁ | ဇန်နဝါရီ | ၁,၉၅၆ | ၁,၇၂၁ | ၁,၉၉၃ | ၁,၇၃၉ |
| ၂ | ဖေဖော်ဝါရီ | ၂,၀၁၆ | ၁,၇၃၅ | ၁,၉၉၃ | ၁,၇၁၃ |
| ၃ | မတ် | ၂,၂၃၁ | ၁,၇၂၅ | ၂,၂၀၈ | ၁,၇၀၄ |
| ၄ | ဧပြီ | ၂,၃၃၈ | ၁,၇၄၇ | ၂,၃၂၃ | ၁,၇၂၄ |
| ၅ | မေ | ၂,၁၈၆ | ၁,၇၆၉ | ၂,၀၅၂ | ၁,၇၄၇ |
| ၆ | ဇွန် | ၂,၁၁၃ | ၁,၆၉၆ | ၂,၀၉၁ | ၁,၆၇၅ |
| ၇ | ဇူလိုင် | ၁,၈၈၂ | ၁,၆၄၀ | ၁,၈၆၁ | ၁,၆၁၃ |
| ၈ | ဩဂုတ် | ၁,၇၁၅ | ၁,၅၅၀ | ၁,၆၉၄ | ၁,၅၂၉ |
| ၉ | စက်တင်ဘာ | ၁,၅၇၈ | ၁,၅၉၀ | ၁,၅၅၇ | ၁,၅၆၉ |
| ၁၀ | အောက်တိုဘာ | ၁,၆၂၆ | ၁,၆၇၃ | ၁,၆၀၆ | ၁,၆၅၂ |
| ၁၁ | နိုဝင်ဘာ | ၁,၅၅၄ | ၁,၇၀၃ | ၁,၅၃၃ | ၁,၆၈၂ |
| ၁၂ | ဒီဇင်ဘာ | ၁,၆၂၉ | | ၁,၆၀၂ | |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## နှမ်း

၁၈။ (၁-၄-၂၀၂၃ မှ ၁-၁၂-၂၀၂၃ ထိ) တွင် ပြည်ပသို့ ဆီထွက်သီးနှံ နှမ်းတင်ပို့မှုအနေဖြင့် တန်ဘိုး ဒေါ်လာ (၅၅.၃၄)သန်း၊ တန်ချိန် (၃၄,၄၆၃.၃၈) တင်ပို့ခဲ့ပါသည်။ ယခုအပတ်တွင် နှမ်းတင်ပို့မှုအနေဖြင့် (၁,၄၉၅) တန်၊ တန်ဖိုးဒေါ်လာ(၂.၄၅၄) သန်းရှိပြီး၊ ယခင်အပတ်ထက် တန်ချိန် (၆၉၃)၊ တန်ဖိုး ဒေါ်လာ (၁.၀၈) သန်း လျော့နည်းခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ တရုတ်နိုင်ငံသို့ တင်ပို့မှုလျော့နည်းခဲ့ပြီး နယ်စပ်မှ တင်ပို့နိုင်ခြင်းမရှိကြောင်း တွေ့ရပါသည်။ ယခုအပတ်အတွင်း မန္တလေးဈေးကွက်တွင် နှမ်းဖြူ(ရိုးရိုး) တစ်တန်လျှင် ကျပ် (၄,၅၅၈,၉၀၃) ပေါက်ဈေးရှိပြီး ကျပ် (၁၃၆၀၈၇)၊ နှမ်းဖြူ(ဂျပန်) တစ်တန်လျှင် ကျပ် (၄,၈၉၉,၁၂၀) ပေါက်ဈေးရှိပြီး ကျပ် (၆၈၀၄၃)၊ နှမ်းနက်(စမုံ) တစ်တန်လျှင် ကျပ် (၄,၅၅၈,၉၀၃) ပေါက်ဈေးရှိပြီး တစ်တန်လျှင် ကျပ် (၂၇၂,၁၇၃) အသီးသီးဈေးကျဆင်းလာကြောင်း၊ နှမ်းညို တစ်တန်လျှင် ကျပ် (၃,၈၇၈,၄၇၀) ပေါက်ဈေးရှိပြီး တစ်တန်လျှင် ကျပ် (၆၈,၀၄၃) မြင့်တက်လာကြောင်း၊ နှမ်းမျိုးစုံ ဈေးကွက်တွင် နှမ်းညို အရောင်းအဝယ်သွက်နေပြီး၊ နှမ်းနက်(စမုံ)နှင့် နှမ်းဖြူတို့ ဈေးအေး နေကြောင်း သိရှိရပါသည်။

ဇယား (၁၃)- ပြည်တွင်းနှမ်းဈေးနှုန်းများ

ကျပ်/ တန်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ယခုအပတ် (၁-၁၂-၂၀၂၃) | ယခင်အပတ် (၂၄-၁၁-၂၀၂၃) | ခြားနားချက် | |
|---|---|---|---|---|---|
| | | | | ကျပ်/တန် | % |
| ၁ | **နှမ်းနက်** | | | | |
| | မန္တလေး | ၄,၅၅၈,၀၀၀ | ၄,၆၂၇,၀၀၀ | - ၆၉,၀၀၀ | - ၁.၅၁ |
| | မကွေး | ၄,၄၅၂,၀၀၀ | ၄,၄၀၉,၀၀၀ | ၄၃,၀၀၀ | ၀.၉၇ |
| ၂ | **နှမ်းဖြူ** | | | | |
| | မန္တလေး | ၄,၅၅၈,၀၀၀ | ၄,၆၉၅,၀၀၀ | - ၁၃၇,၀၀၀ | - ၃.၀၁ |
| | မကွေး | ၄,၆၉၇,၀၀၀ | ၄,၈၁၆,၀၀၀ | - ၁၁၉,၀၀၀ | - ၂.၅၃ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၁၄)- နိုင်ငံအလိုက်နှမ်းဈေးနှုန်းများ

USD/ တန်

| စဉ် | နိုင်ငံ | ယခုအပတ် (၁-၁၂-၂၀၂၃) | ယခင်အပတ် (၂၄-၁၁-၂၀၂၃) | ခြားနားချက် | |
|---|---|---|---|---|---|
| | | | | USD | % |
| ၁ | **နှမ်းနက်** | | | | |
| | အိန္ဒိယ | ၁,၈၉၅ | ၁,၉၅၆ | - ၆၁ | - ၃.၁၁% |
| | တရုတ် | ၁,၆၄၀ | ၁,၆၉၁ | - ၅၁ | - ၃.၀၂% |
| | မြန်မာ | ၁,၈၉၅ | ၁,၈၄၅ | ၅၀ | ၂.၇၁% |
| ၂ | **နှမ်းဖြူ** | | | | |
| | အိန္ဒိယ | ၁,၉၃၂ | ၁,၉၃၈ | - ၆ | - ၀.၂၉% |
| | တရုတ် | ၁,၅၇၂ | ၁,၆၂၁ | - ၄၉ | - ၃.၀၂% |
| | မြန်မာ | ၁,၉၂၅ | ၁,၈၇၅ | ၅၀ | ၂.၆၇% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ရေထွက်ပစ္စည်း ရောင်းချမှု အခြေအနေ

၁၉။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၏ ကိန်းဂဏန်း အချက်အလက်များအရ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင် ရေထွက်ပစ္စည်း ပြည်ပတင်ပို့ရောင်းချ မှုမှရရှိသည့် စုစုပေါင်းဝင်ငွေစာရင်းကို လေ့လာပါက ငါးမှာ တန်ချိန် (၃၈,၅၀၉.၃၉) ၊ တန်ဖိုး ဒေါ်လာ (၄၅.၃၇) သန်း၊ ပုဇွန်မှာ တန်ချိန် (၁,၁၇၇.၀၈)၊ တန်ဖိုး ဒေါ်လာ (၃.၉၉) သန်းနှင့် အခြား ရေထွက်ပစ္စည်းများမှာ တန်ချိန် (၁၃,၀၁၀.၅၄)၊ တန်ဖိုးဒေါ်လာ (၂၄.၀၉) သန်း ရရှိခဲ့သည်ကို သိရှိရပါသည်။

၂၀။ ယခင်နှစ်အလားတူကာလ ၂၀၂၂-၂၀၂၃ ခုနှစ်စနှင့် နှိုင်းယှဉ်ပါက ငါးတင်ပို့မှုတွင် တန်ချိန်အားဖြင့် (၅,၉၄၆.၁၃) တန်၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၁၀.၂၃) သန်း ပိုမိုတင်ပို့ခဲ့ပြီး၊ ပုဇွန်မှာ တန်ချိန် (၂၂.၄၈)၊ တန်ဖိုးဒေါ်လာ (၀.၅၆) သန်းနှင့် အခြားရေထွက်ပစ္စည်းများမှာ တန်ချိန် (၆,၃၆၇.၃၅)၊ တန်ဖိုး ဒေါ်လာ (၉.၉၄) သန်း လျော့နည်းတင်ပို့ခဲ့ကြောင်း ဖော်ပြပါဇယားအရ သိရှိရပါသည်။ ဇယား (၁၅)

ဇယား (၁၅) - ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလအတွင်း ရေထွက်ပစ္စည်း ပြည်ပတင်ပို့ရောင်းချမှုမှ ရရှိသည့် ဝင်ငွေစာရင်း အခြေပြဇယား

တန်ချိန်- မက်ထရစ်တန်(ရိုးရိုး)
တန်ဘိုး-အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | US $ ဖြင့်နိုင်ငံခြားသို့တင်ပို့ရောင်းချမှု | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ငါး | | ပုဇွန် | | အခြား | | စုစုပေါင်း | |
| | | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး |
| ၁ | ပုံမှန်ကုန်သွယ်ရေး | ၁၇,၀၈၆ .၆၈ | ၂၄.၅၁ | ၁,၁၃၄.၉၂ | ၃.၇၅ | ၈,၅၁၀.၇၆ | ၁၈.၆၅ | ၂၆,၇၅၂ .၃၆ | ၄၆.၉၁ |
| | (က) ပုဂ္ဂလိက ကုမ္ပဏီများ | ၁၇,၀၈၆.၆၈ | ၂၄.၅၁ | ၁,၁၃၄.၉၂ | ၃.၇၅ | ၈,၅၁၀.၇၆ | ၁၈.၆၅ | ၂၆,၇၅၂ .၃၆ | ၄၆.၉၁ |
| ၂ | နယ်စပ်ကုန်သွယ်ရေး | ၂၁,၄၂၂ .၇၁ | ၂၀.၈၅ | ၄၂.၁၆ | ၀.၂၄ | ၄,၄၇၉.၇၈ | ၅.၄၄ | ၂၅,၉၄၄ .၆၅ | ၂၆.၅၃ |
| | (က) မြဝတီ | ၁၇၀.၂၅ | ၀.၁၅ | ၁.၃၀ | ၀.၀၁ | ၆၄.၉၈ | ၀.၁၆ | ၂၃၆.၄၉ | ၀.၃၂ |
| | (ခ) ကော့သောင်း | ၂၀,၃၄၅.၉၈ | ၁၉.၆၅ | ၄၀.၉၀ | ၀.၂၃ | ၄၃၃.၁၄ | ၁.၀၂ | ၂၀,၈၂၀ .၀၂ | ၂၀.၉၀ |
| | (ဂ) စစ်တွေ | ၂၆၅.၉၄ | ၀.၄၀ | | | | | ၂၆၅.၉၄ | ၀.၄၀ |
| | (ဃ) မြိတ် | | | | | ၃,၃၃၀.၀၀ | ၂.၉၉ | ၃,၃၃၀.၀၀ | ၂.၉၉ |
| | (င) မူဆယ် | | | | | | | ၀. | ၀. |
| | (စ) မောင်တော | ၉၉.၈၄ | ၀.၁၃ | | | ၅၁.၀၀ | ၀.၀၅ | ၁၅၀.၈၄ | ၀.၁၈ |
| | (ဆ) မောတောင် | ၅၄၀.၇၀ | ၀.၅၂ | | | ၆၀၀.၆၅ | ၁.၂၁ | ၁,၁၄၁.၃၅ | ၁.၇၃ |
| | (ဇ)ကျိုင်းလတ် | | | | | | | ၀. | ၀. |
| ၂၀၂၃-၂၀၂၄ ခုနှစ် နိုဝင်ဘာလ အတွင်း ပြည်ပပို့ကုန် စုစုပေါင်း | | ၃၈,၅၀၉.၃၉ | ၄၅.၃၇ | ၁,၁၇၇.၀၈ | ၃.၉၉ | ၁၃,၀၁၀.၅၄ | ၂၄.၀၉ | ၅၂,၆၉၇ .၀၁ | ၇၃.၄၅ |
| ၂၀၂၂-၂၀၂၃ ခုနှစ် နိုဝင်ဘာလ အတွင်း ပြည်ပပို့ကုန် စုစုပေါင်း | | ၃၂,၅၆၃.၂၆ | ၃၅.၁၄ | ၁,၁၉၉.၅၆ | ၄.၅၅ | ၁၉၃၇၇.၈၉ | ၃၄.၀၃ | ၅၃,၁၄၀.၇၂ | ၇၃.၇၂ |
| ခြားနားချက် | | ၅,၉၄၆.၁၃ | ၁၀.၂၃ | - ၂၂.၄၈ | - ၀.၅၆ | - ၆,၃၆၇.၃၅ | - ၉.၉၄ | - ၄၄၃.၇၁ | - ၀.၂၇ |

ရင်းမြစ်။ ငါးလုပ်ငန်းဦးစီးဌာန

## (၅) နှစ်တာကာလအတွင်း ပြည်ပမှ သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက်

၂၁။ ပြီးခဲ့သည့် (၅)နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ပြည်ပမှသွင်းကုန်တင်သွင်းမှု အခြေအနေကို လေ့လာပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် သွင်းကုန်တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ (၁၈,၆၈၁.၈၄) သန်းရှိခဲ့ပြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဒေါ်လာ (၁၇,၃၅၂.၇၂) သန်းရှိခဲ့သဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ (၁,၃၂၉.၁၂) သန်း (၇%) လျော့နည်းလာခဲ့ကြောင်း သိရသည်။(နောက်ဆက်တွဲဇယား-ဂ)

## ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁) ရက်မှ ဒီဇင်ဘာလ (၁) ရက်ထိ သွင်းကုန်တင်သွင်းမှုအခြေအနေ

၂၂။ အစီရင်ခံကာလအတွင်း သွင်းကုန်စုစုပေါင်း အမေရိကန် ဒေါ်လာ (၁၁,၀၆၂.၉) သန်းတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ ဒေါ်လာ (၂,၄၃၀.၆၄) သန်း၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ ဒေါ်လာ (၅,၂၉၁.၂၉) သန်း၊ လူသုံးကုန်ပစ္စည်းများ ဒေါ်လာ (၁,၇၈၆.၀၂၃) သန်း နှင့် CMP ပစ္စည်းများ ဒေါ်လာ (၁,၅၅၄.၉၄) သန်းပါဝင်ခဲ့ပါသည်။ (နောက်ဆက်တွဲဇယား-ဂ)

## လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ

၂၃။ (၁-၄-၂၀၂၃) မှ (၁-၁၂-၂၀၂၃) ထိ မြန်မာနိုင်ငံမှတင်သွင်းသည့် အဓိကကုန်စည်ပစ္စည်း (၁၁) မျိုးအနက် **လယ်ယာကဏ္ဍသွင်းကုန်ဆိုင်ရာကုန်ပစ္စည်းများ**၏ တင်သွင်းမှုအခြေအနေမှာ **စားအုန်းဆီ** တန်ချိန် (၄၀၀,၆၁၆) ၊ တန်ဖိုးဒေါ်လာ (၃၉၃.၀၆) သန်း၊ **ဓာတ်မြေသြဇာ** တန်ချိန် (၁,၁၈၈,၈၀၆) ၊ တန်ဖိုး ဒေါ်လာ (၄၆၅.၈၅) သန်း၊ **ဂျုံစေ့** တန်ချိန် (၂၇၁,၉၈၇) ၊ တန်ဖိုး ဒေါ်လာ (၁၀၇.၅၆) သန်း နှင့် **ဂျုံမှုန့်** တန်ချိန် (၁,၂၉၂) ၊ တန်ဖိုး ဒေါ်လာ (၀.၈၁) သန်း ပါရှိခဲ့ပါသည်။ (ဇယား - ၁၆၊ ပုံ-၇၊ ၈)

၂၄။ အခြားတင်သွင်းကုန်များဖြစ်သည့် **နှမ်းဆီ**မှာ တန်ချိန် (၁၁,၂၇၇) ၊ တန်ဖိုးဒေါ်လာ (၁၅.၈၇) သန်း၊ **နို့စိမ်း**မှာ တန်ချိန် (၁၂,၀၀၄)၊ တန်ဖိုးဒေါ်လာ (၁၇.၇၅) သန်းနှင့် **နို့မှုန့်**မှာ တန်ချိန် (၇,၀၈၁)၊ တန်ဖိုးဒေါ်လာ (၂၀.၀၃)သန်းစီ ပါရှိခဲ့ကြောင်း သိရှိရပါသည်။ (ဇယား-၁၆)


၂၅။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကိန်းဂဏန်းအချက်အလက်များအရ ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁) ရက်မှ ဒီဇင်ဘာလ (၁) ရက်ထိ **မြေသြဇာတင်သွင်းမှု**တွင် စုစုပေါင်းတန်ချိန် (၁,၁၃၆,၄၇၁) တင်သွင်းခဲ့ပါသည်။ အဆိုပါ တင်သွင်းမှုတွင် နိုင်ထရိုဂျင် (၇၀၉,၀၂၈) တန်၊ ဖော့စဖိတ် (၃၇,၈၂၄) တန်၊ ပိုတက်စီယမ် (၅၅,၉၃၂) တန်၊ ကွန်ပေါင်း (၃၁၉,၆၅၇)တန်၊ ဖော်လာ (၁,၃၄၈) တန်၊ အော်ဂဲနစ်(၁,၇၄၄) တန်၊ ဂျစ်ပဆန်(၁,၆၀၄) တန်နှင့် အခြားမြေသြဇာစုစုပေါင်း (၉,၃၃၄) တန် အသီးသီးပါဝင်ခဲ့ပါသည်။ (နောက်ဆက်တွဲ ဇယား-ဃ)

# ဇယား (၁၆) အဓိကကုန်ပစ္စည်း (၁၁) မျိုး၏ တင်သွင်းမှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း


| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (ဧပြီ ၁ ရက်မှ ဒီဇင်ဘာလ (၁) ရက်ထိ) | | | |
|---|---|---|---|---|---|---|
| | | | ၂၀၂၃-၂၀၂၄ ယခုနှစ် | ၂၀၂၂-၂၀၂၃ ယခင်နှစ် | ခြားနားချက် | |
| | | | | | ပမာဏ | % |
| | **စုစုပေါင်း** | US$ | ၄,၅၆၅.၃၅ | ၄,၃၄၇.၁၇ | ၂၁၈.၁၈ | ၅% |
| ၁ | ဒီဇယ် | US$ | ၁,၈၈၃.၆၅ | ၁,၈၃၀.၁၄ | ၅၃.၅၁ | ၃% |
| | | တန် | ၂,၁၅၁,၃၈၁ | ၁,၆၀၀,၇၆၅ | ၅၅၀,၆၁၆ | ၃၄% |
| ၂ | ဓါတ်ဆီ | US$ | ၁,၁၇၇.၂၆ | ၁,၂၄၃.၀၇ | - ၆၅.၈၁ | - ၅% |
| | | တန် | ၁,၂၁၆,၃၉၅ | ၁,၁၀၁,၃၂၄ | ၁၁၅,၀၇၁ | ၁၀% |
| ၃ | စားအုန်းဆီ | US$ | ၃၉၃.၀၆ | ၄၃၀.၆၉ | - ၃၇.၆၃ | - ၉% |
| | | တန် | ၄၀၀,၆၁၆ | ၃၂၇,၆၇၃ | ၇၂,၉၄၃ | ၂၂% |
| ၄ | မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်း | US$ | ၂၃၅.၀၂ | ၁၂၇.၄၁ | ၁၀၇.၆၁ | ၈၄% |
| | | စီး | ၆,၉၀၆ | ၂,၂၀၈ | ၄,၆၉၈ | ၂၁၃% |
| | လူစီးယာဉ် | US$ | ၃၉.၀၄ | ၂.၉၅ | ၃၆.၀၉ | ၁၂၂၃% |
| | | စီး | ၁,၇၈၄ | ၁၁၉ | ၁,၆၆၅ | ၁,၃၉၉% |
| | ဘတ်စ် | US$ | ၁.၀၄ | ၂.၃၉ | - ၁.၃၅ | - ၅၆% |
| | | စီး | ၅၄ | ၁၂၆ | - ၇၂ | - ၅၇% |
| | ထရပ် | US$ | ၁၃.၁၂ | ၇.၂၂ | ၅.၉၀ | ၈၂% |
| | | စီး | ၈၆၅ | ၅၇၇ | ၂၈၈ | ၅၀% |
| | ယန္တယား | US$ | ၁၃၆.၈ | ၇၂.၇၃ | ၆၄.၀၇ | ၈၈% |
| | | စီး | ၄,၂၀၃ | ၁,၃၈၆ | ၂,၈၁၇ | ၂၀၃% |
| | ယာဉ်အပိုပစ္စည်း | US$ | ၄၅.၀၂ | ၄၂.၁၂ | ၂.၉၀ | ၇% |
| ၅ | ဘိလပ်မြေ | US$ | ၁၃.၄၇ | ၂၂.၃၈ | - ၈.၉၁ | - ၄၀% |
| | | တန် | ၁၅၇,၆၅၁ | ၂၆၁,၆၁၄ | - ၁၀၃,၉၆၃ | - ၄၀% |
| ၆ | ဓာတ်မြေသြဇာ | US$ | ၄၆၅.၈၅ | ၄၃၉.၈၄ | ၂၆.၀၁ | ၆% |
| | | တန် | ၁,၁၈၈,၈၀၆ | ၇၈၂,၃၃၀ | ၄၀၆,၄၇၆ | ၅၂% |
| ၇ | ဂျုံစေ့ | US$ | ၁၀၇.၅၆ | ၇၃.၄၄ | ၃၄.၁၂ | ၄၆% |
| | | တန် | ၂၇၁,၉၈၇ | ၁၅၃,၁၂၁ | ၁၁၈,၈၆၆ | ၇၈% |
| ၈ | ဂျုံမှုန့် | US$ | ၀.၈၁ | ၃.၈၁ | - ၃.၀၀ | - ၇၉% |
| | | တန် | ၁,၂၉၂ | ၁၀,၃၄၈ | - ၉,၀၅၆ | - ၈၈% |
| ၉ | နို့ဆီ | US$ | ၁၅.၈၇ | ၁၅.၈၃ | ၀.၀၄ | ၀% |
| | | တန် | ၁၁,၂၇၇ | ၁၁,၆၂၀ | - ၃၄၃ | - ၃% |
| ၁၀ | နို့စိမ်း | US$ | ၁၇.၇၅ | ၂၀.၆၉ | - ၂.၉၄ | - ၁၄% |
| | | တန် | ၁၂,၀၀၄ | ၁၄,၅၅၆ | - ၂,၅၅၂ | - ၁၈% |
| ၁၁ | နို့မှုန့် | US$ | ၂၀.၀၃ | ၁၂.၄၆ | ၇.၅၇ | ၆၁% |
| | | တန် | ၇,၀၈၁ | ၃,၉၃၃ | ၃,၁၄၈ | ၈၀% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ(၇)။ လယ်ယာကဏ္ဍဆိုင်ရာ သွင်းကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်– ဒေါ်လာသန်း




ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ(၈)။ လယ်ယာကဏ္ဍဆိုင်ရာ သွင်းကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်–တန်ချိန်

## သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

၂၆။ သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက (၁-၄-၂၀၂၃) မှ (၁-၁၂-၂၀၂၃)ထိ စုစုပေါင်းတင်သွင်းမှု ဒေါ်လာ (၁၁,၀၆၂.၉၀) သန်း ရှိခဲ့ပြီး ယခင်နှစ်အလား တူကာလတွင် ဒေါ်လာ (၁၁,၆၈၄.၉)သန်း ရှိခဲ့သဖြင့် ဒေါ်လာသန်း (၆၂၁.၉၉) (၅.၃%) လျော့ နည်းတင် သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား-၁၇)

၂၇။ ကုန်စည်အုပ်စုလိုက် တင်သွင်းမှုအနေဖြင့် ယခုနှစ်တွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာ (၅,၂၉၁.၂၉) သန်းဖြင့် အများဆုံးနှင့် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း တင်သွင်း မှုမှာ ဒေါ်လာ (၂,၄၃၀.၆၄) သန်းဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကိုတွေ့ရပြီး ယခင်နှစ် အလားတူကာလတွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာသန်း (၅,၄၃၉.၅၄) ဖြင့် အများဆုံး၊ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာ (၂,၄၁၂.၉၆)သန်းဖြင့် ဒုတိယအများ ဆုံး တင်သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား-၁၇)

## ဇယား (၁၇)- ပြည်ပမှသွင်းကုန်တင်သွင်းမှု ကာလတူနှိုင်းယှဉ်ချက် အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁-၄-၂၀၂၃ မှ ၁-၁၂-၂၀၂၃)ထိ | | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၁-၄-၂၀၂၂ မှ ၁-၁၂-၂၀၂၂)ထိ | | | တိုး(+)/လျော့(-) | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | % |
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၆၆၃.၅၆ | ၁,၇၆၇.၀၇ | ၂,၄၃၀.၆၄ | ၇၀၄.၀၉ | ၁,၇၀၈.၈၇ | ၂,၄၁၂.၉၆ | - ၄၀.၅၂ | ၅၈.၂ | ၁၇.၆၈ | ၁% |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၁၀၆.၀၄ | ၅,၁၈၅.၂၅ | ၅,၂၉၁.၂၉ | ၈၄.၃၉ | ၅,၃၅၅.၁၅ | ၅,၄၃၉.၅၄ | ၂၁.၆၅ | - ၁၆၉.၉ | - ၁၄၈.၂၅ | - ၃% |
| ၃ | လူသုံးကုန်ပစ္စည်း | ၂၅.၀၁ | ၁,၇၆၁.၀၂ | ၁,၇၈၆.၀၂၃ | ၁၀၆.၄၉ | ၁,၉၄၃.၀၆ | ၂,၀၄၉.၅၅ | - ၈၁.၄၉ | - ၁၈၂.၀၄ | - ၂၆၃.၅၃ | - ၁၃% |
| ၄ | CMP | ၀ | ၁,၅၅၄.၉၄ | ၁,၅၅၄.၉၄ | ၀ | ၁၇၈၂.၈၂ | ၁,၇၈၂.၈၂ | ၀ | - ၂၂၇.၈၈ | - ၂၂၇.၈၈ | - ၁၃% |
| | စုစုပေါင်း | ၇၉၄.၆၁ | ၁၀,၂၆၈ .၂၈ | ၁၁,၀၆၂ .၈၉ | ၈၉၄.၉၈ | ၁၀,၇၈၉ .၉၀ | ၁၁,၆၈၄ .၈၈ | - ၁၀၀.၃၇ | - ၅၂၁.၆၂ | - ၆၂၁.၉၉ | - ၅.၃% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

၂၈။ လယ်ယာကဏ္ဍ သွင်းကုန်ဆိုင်ရာကုန်ပစ္စည်းများဖြစ်သည့် **စားအုန်းဆီ**မှာ ယခင်နှစ်ထက် တန်ချိန် (၇၂,၉၄၃) ပိုမိုတင်သွင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၃၇.၆၃)သန်း လျော့နည်းခဲ့သည်။ **ဓာတ်မြေဩဇာ**မှာ တန်ချိန်အားဖြင့် (၄၀၆,၄၇၆)၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၂၆.၀၁) သန်းနှင့် **ဂျုံစေ့**မှာ တန်ချိန် (၁၁၈,၈၆၆)နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၃၄.၁၂) သန်းစီ ပိုမိုတင်သွင်းခဲ့သည်ကို တွေ့ရပြီး၊ အခြားကုန်စည်ဖြစ်သော **ဂျုံမှုန့်**မှာ တန်ချိန်အားဖြင့် (၉,၀၅၆) တန်၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၂.၉၉) သန်း လျော့နည်းတင်သွင်းခဲ့သည်။ (ဇယား -၁၆)

## သုံးသပ်ချက်

၂၉။ (၁-၄-၂၀၂၃ မှ ၁-၁၂-၂၀၂၃) ထိ ပို့ကုန်တင်ပို့မှု စုစုပေါင်း ဒေါ်လာ (၉,၆၂၇.၇၉) သန်း တင်ပို့နိုင်ခဲ့ပြီး လယ်ယာထွက်ပစ္စည်း ဒေါ်လာ(၂,၀၃၅.၇၈) သန်း၊ တိရစ္ဆာန်ထွက် ဒေါ်လာ(၅.၂၁) သန်း၊ ရေထွက် ဒေါ်လာ(၄၄၄.၃၅) သန်း၊ သတ္တုတွင်းထွက် ဒေါ်လာ (၁၈၂.၅၉)သန်း၊ သစ်တောထွက် ဒေါ်လာ(၄၄.၇၉)သန်း၊ စက်မှုကုန်ချောဒေါ်လာ (၆,၁၈၅.၂၃) သန်းနှင့် အခြားပို့ကုန် ဒေါ်လာ (၇၂၉.၈၄) သန်းပါဝင်ခဲ့သည်ကိုတွေ့ရှိရသည်။ ယခင်နှစ်အလားတူကာလထက် အခြားပို့ကုန်ပစ္စည်းမှအပ ကျန်ပို့ကုန်များတင်ပို့မှုလျော့ကျခဲ့သည်ကိုတွေ့ရပြီး လယ်ယာထွက်ပစ္စည်း ဒေါ်လာ (၃၂၈.၃၅) သန်း၊ တိရစ္ဆာန်ထွက် ဒေါ်လာ(၁၃.၀၅) သန်း၊ ရေထွက် ဒေါ်လာ (၄၂.၉၇) သန်း၊ သတ္တုတွင်းထွက် ဒေါ်လာ (၂၂.၆၈) သန်း၊ သစ်တောထွက် ဒေါ်လာ(၅၂.၀၉) သန်း နှင့် စက်မှုကုန်ချော ဒေါ်လာ(၁,၆၁၄.၇၈) သန်း အသီးသီးလျော့နည်းတင်ပို့ခဲ့ပြီး၊ အခြားပို့ကုန် တင်ပို့မှုတွင် ဒေါ်လာ (၄၁၀.၈၇) သန်း ပိုမိုတင်ပို့ခဲ့ကြောင်း တွေ့ရှိရပါသည်။ (နောက်ဆက်တွဲဇယား-က)

၃၀။ (၁-၄-၂၀၂၃ မှ ၁-၁၂-၂၀၂၃) ထိ ပို့ကုန်တင်ပို့စုစုပေါင်းတွင် လယ်ယာထွက်ပစ္စည်း တင်ပို့မှုမှာ ဒေါ်လာ (၂,၀၃၅) သန်း ပါဝင်ခဲ့ပြီး-

(က) **ဆန်နှင့် ဆန်ကွဲ**တင်ပို့မှု တန်ချိန်(၇၉၂,၄၁၁.၆၁) ၊ တန်ဖိုး ဒေါ်လာ(၃၇၈.၆၄) သန်းတွင် ဆန်တန်ချိန် (၄၁၇,၄၄၇.၆၆)နှင့် ဆန်ကွဲတန်ချိန် (၃၇၄,၉၆၃.၉၅) တင်ပို့ခဲ့ပြီး၊ ယခင်နှစ်ကာလတူထက် **ဆန်** တန်ချိန် (၃၉၆,၆၈၀.၉၃) **နှင့် ဆန်ကွဲ** တန်ချိန် (၁၃၉,၄၄၇.၂၁) စီ လျော့နည်းတင်ပို့ခဲ့ပါသည်။ စုစုပေါင်းအနေဖြင့် ယခင်နှစ်အလားတူကာလထက် ဆန်နှင့် ဆန်ကွဲ တန်ချိန် (၅၃၆,၁၂၈.၁၄) လျော့နည်းတင်ပို့ခဲ့ကြောင်း၊

(ခ) **ပဲအမျိုးမျိုး**တွင် တန်ချိန် (၁,၀၅၉,၃၈၁.၈၁) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူကာလထက် တန်ချိန် (၃၀,၉၂၁.၅၅) လျော့နည်းတင်ပို့ခဲ့ကြောင်း၊

(ဂ) **ပြောင်း**တွင် တန်ချိန် (၉၀၃,၆၉၈.၅၆) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူ ကာလထက် တန်ချိန် (၃၀၉,၄၀၆.၁၃) လျော့နည်းတင်ပို့ခဲ့ကြောင်း၊

(ဃ) **နှမ်း**တွင် တန်ချိန် (၃၄,၄၆၃.၃၈) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူ ကာလထက် တန်ချိန် (၁၅,၁၈၈.၃၁) လျော့နည်းတင်ပို့ခဲ့ကြောင်း၊

(င) **ရော်ဘာစိမ်း**တွင် တန်ချိန်(၉၉,၆၆၀.၂၈) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူ ကာလထက် တန်ချိန် (၅၆,၀၆၅.၁၈) လျော့နည်းတင်ပို့ခဲ့ကြောင်းသိရှိရပါသည်။(ဇယား- ၂)

၃၁။ **သွင်းကုန်တင်သွင်းမှု**အနေဖြင့် ၁-၄-၂၀၂၃ မှ ၁-၁၂-၂၀၂၃ ထိ စုစုပေါင်းဒေါ်လာ (၁၁,၀၆၂.၉) သန်းရှိခဲ့ပြီး ယခင်နှစ်အလားတူကာလထက် ဒေါ်လာ (၆၂၁.၉၉) သန်း လျော့နည်းတင်သွင်းခဲ့သည်ကို တွေ့ရသည်။ ကုန်ပစ္စည်းအလိုက် တင်သွင်းမှုတွင် **စားအုန်းဆီ**မှာ ယခင်နှစ်ကာလတူထက် တန်ချိန် (၇၂,၉၄၃) ပိုမိုခဲ့ပြီး၊ တန်ဖိုးအားဖြင့် ဒေါ်လာ(၃၇.၆၄)သန်း လျော့နည်းတင်သွင်းခဲ့ကြောင်းနှင့် **ဓာတ်မြေဩဇာ**မှာ တန်ချိန် (၄၀၆,၄၇၆)၊ တန်ဖိုးဒေါ်လာ အားဖြင့် (၂၆.၀၁) သန်း တိုးမြင့်တင်သွင်းခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ နောက်ဆက်တွဲဇယား(ဃ)- ဇယား(၁၇)

၃၂။ **ရေထွက်ပစ္စည်းတင်ပို့မှု**အနေဖြင့် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလအတွင်း ငါး၊ ပုဇွန်နှင့် အခြားရေထွက်ပစ္စည်းစုစုပေါင်း တန်ချိန် (၅၂,၆၉၇.၀၁)၊ တန်ဖိုး ဒေါ်လာ (၇၃.၄၅) သန်း တင်ပို့နိုင်ခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် တန်ချိန် (၅၃,၁၄၀.၇၂) ၊ တန်ဖိုး ဒေါ်လာ(၇၃.၇၂) သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန် (၄၄၃.၇၁)နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ(၀.၂၇) သန်း လျော့နည်း တင်ပို့ခဲ့သည်ကို တွေ့ရ သည်။ (ဇယား-၁၅)

**နိဂုံး**

၃၃။ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍပို့ကုန်တင်ပို့မှု (လယ်ယာထွက်ကုန်ပို့ကုန်အခြေအနေ၊ ပဲမျိုးစုံတင်ပို့နိုင်မှု) အခြေအနေ၊ တင်သွင်းမှု (ကုန်ပစ္စည်းအုပ်စုအလိုက်တင်သွင်းမှု) အခြေအနေ နှင့် ရေထွက်ပစ္စည်းတင်ပို့မှုများအား သိရှိနိုင်ပါရန် သုံးသပ်ချက်နှင့်တကွ ပြုစုတင်ပြအပ်ပါသည်။

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

# ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးအခြေပြဇယား

## ၂၀၁၈ -၂၀၁၉ မှ ၂၀၂၃-၂၄ (၁-၄-၂၀၂၃ မှ ၁-၁၂-၂၀၂၃ ထိ)

ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ (ပြေီမှ မတ်) | ၂၀၁၉-၂၀၂၀ (ပြေီမှ မတ်) | ၂၀၂၀-၂၀၂၁ (ဧပြီ မှ မတ်) | ၂၀၂၁-၂၂ (ဧပြီ မှ မတ်) | ၂၀၂၂-၂၃ (ဧပြီ မှ မတ်) | ၂၀၂၃-၂၀၂၄ (၁-၄-၂၀၂၃) မှ (၁-၁၂-၂၀၂၃)ထိ |
|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂,၉၈၆.၉၈ | ၃၆၄၆.၈၀ | ၄,၅၆၀.၄၁ | ၄,၁၀၂.၆၉ | ၃,၉၉၉.၀၂ | ၂,၀၃၅.၇၈ |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၄၅၃.၇၁ | ၄၂၀.၈၁ | ၆၉.၄၂ | ၈.၀၄ | ၂၀.၅၀ | ၅.၂၁ |
| ၃ | ရေထွက်ပစ္စည်း | ၇၃၀.၉၈ | ၁၂၂၈.၈၅ | ၈၀၄.၄၃ | ၈၂၄.၃၀ | ၇၆၅.၉၅ | ၄၄၄.၃၅ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၁,၅၉၇.၆၀ | ၂,၅၈၈.၅၉ | ၁,၂၈၀.၈၂ | ၆၄၆.၅၆ | ၃၃၇.၀၆ | ၁၈၂.၅၉ |
| ၅ | သစ်တောထွက်ပစ္စည်း | ၁၈၅.၉၆ | ၂၆၅.၄၄ | ၁၂၈.၆၀ | ၁၄၆.၉၉ | ၁၃၉.၃၆ | ၄၄.၇၉ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၉,၃၉၈.၂၄ | ၁၅,၄၉၀.၂၃ | ၈,၇၇၆.၆၆ | ၈,၅၆၀.၂၂ | ၁၀,၉၄၀.၄၉ | ၆,၁၈၅.၂၃ |
| ၇ | အခြားပစ္စည်း | ၁,၈၀၀.၉၃ | ၉၈၉.၅၃ | ၉၆၃.၃၁ | ၇၃၇.၁၀ | ၄၁၇.၈၁ | ၇၂၉.၈၄ |
| စုစုပေါင်း | | ၁၇,၁၅၄.၄၀ | ၂၄၆၃၀.၂၄ | ၁၆,၅၈၃.၆၆ | ၁၅,၀၂၅.၉၀ | ၁၆,၆၂၀.၁၈ | ၉,၆၂၇.၇၉ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)မှ စာရင်းများအပေါ်မူတည်၍ တွက်ချက်ထားပါသည်။

နောက်ဆက်တွဲဇယား-ခ

## လယ်ယာထွက်ကုန်ပစ္စည်း ပို့ကုန်တန်ဖိုးအခြေပြဇယား

ဒေါ်လာသန်း

| စဉ် | ပို့ကုန် အမျိုးအမည် | တန်ချိန်/ တန်ဘိုး | ၂၀၁၈-၂၀၁၉ (ဧပြီမှ မတ်) | ၂၀၁၉-၂၀၂၀ (ဧပြီမှ မတ်) | ၂၀၂၀-၂၀၂၁ (ဧပြီ မှ မတ်) | ၂၀၂၁-၂၂ (ဧပြီ မှ မတ်) | ၂၀၂၂-၂၃ (ဧပြီ မှ မတ်) | ၂၀၂၃-၂၀၂၄ (၁-၄-၂၀၂၃ ) မှ (၁-၁၂-၂၀၂၃) ထိ |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန်၊ ဆန်ကွဲ | US$ | ၇၇၈.၉၉၉ | ၈၀၃.၂၇ | ၇၄၁.၁၆ | ၇၁၅.၉၈ | ၈၂၁.၃၁ | ၃၇၈.၆၄ |
| | | မတန် | ၂,၃၈၁,၇၅၅.၉၈ | ၂,၇၆၄,၇၄၄.၅၄ | ၂,၀၄၉,၀၃၇.၉၆ | ၂,၁၃၂,၂၃၂.၈၅ | ၂,၁၉၇,၅၁၀.၇၉ | ၇၉၂,၄၁၁.၆၁ |
| | ဆန် | US$ | ၆၄၈.၇၂ | ၅၈၁.၄၀ | ၄၅၆.၈ | ၄၅၉.၈၈ | ၅၁၈.၀၅ | ၂၂၂.၃၈ |
| | | မတန် | ၁,၉၂၉,၈၄၂.၂၆ | ၁,၉၀၈,၁၆၃.၇၂ | ၁,၁၆၁,၅၂၉.၃၅ | ၁,၃၀၄,၅၀၆.၉၀ | ၁,၃၂၇,၉၇၅.၈၃ | ၄၁၇,၄၄၇.၆၆ |
| | ဆန်ကွဲ | US$ | ၁၃၀.၂၇၆ | ၂၂၁.၈၆ | ၂၈၄.၃၇ | ၂၅၆.၀၈ | ၃၀၃.၂၅၃ | ၁၅၆.၂၆ |
| | | မတန် | ၄၅၁,၉၁၃.၇၂ | ၈၅၆,၅၈၀.၈၂ | ၈၈၇,၅၀၈.၆၁ | ၈၂၇,၇၂၅.၉၅ | ၈၆၉,၅၃၄.၉၆ | ၃၇၄,၉၆၃.၉၅ |
| ၂ | ပဲအမျိုးမျိုး | US$ | ၉၀၅.၁၅ | ၁၁၃၂.၀၅ | ၁၃၈၈.၅၅ | ၁,၅၉၄.၈၅ | ၁၄၇၀.၆၆ | ၈၉၅.၄၁ |
| | | မတန် | ၁,၆၄၇,၆၇၈.၃၄ | ၁,၆၀၈,၆၃၃.၈၅ | ၁,၇၅၇,၀၂၅.၁၄ | ၂,၁၄၅,၆၇၉.၁၇ | ၁,၉၁၉,၁၅၆.၁၀ | ၁,၀၅၉,၃၈၁.၈၁ |
| | မတ်ပဲ | US$ | ၃၀၂.၉၁ | ၄၁၀.၆၆ | ၃၈၆.၅၉ | ၆၀၆.၉၉ | ၅၃၁.၈ | ၄၇၄.၁၃ |
| | | မတန် | ၆၈၈,၂၅၀.၃၀ | ၆၁၃,၈၉၇.၃၂ | ၄၈၇,၉၂၆.၀၁ | ၈၀၁,၆၃၈.၂၃ | ၆၄၉,၉၄၀.၂၃ | ၅၂၂,၃၅၄.၉၆ |
| | ပဲတီစိမ်း | US$ | ၃၀၀.၉၈ | ၃၆၀.၇၉ | ၄၈၆.၀၂ | ၅၅၅.၄၆ | ၄၈၉.၀၉ | ၁၈၅.၉၈ |
| | | မတန် | ၄၁၄,၀၁၂.၀၈ | ၄၈၀,၇၂၆.၈၅ | ၆၁၁,၁၂၄.၆၀ | ၇၃၄,၅၁၈.၅၆ | ၆၉၁,၃၉၉.၂၉ | ၂၇၄,၄၇၆.၉၁ |
| | ပဲစဉ်းငုံ | US$ | ၇၈.၀၅ | ၉၃.၂၈ | ၇၆.၃၆ | ၁၆၃.၆၈ | ၁၈၇.၃၉ | ၁၀၁.၉၅ |
| | | မတန် | ၂၁၀,၃၃၈.၁၀ | ၁၅၈,၂၇၁.၂၇ | ၁၁၄,၅၈၁.၃၇ | ၂၄၄,၈၈၅.၉၈ | ၂၃၉,၅၃၇.၇၃ | ၁၁၃,၈၅၇.၄၄ |
| | မြေပဲဆံ | US$ | ၇၁.၂၉ | ၁၀၉.၇၄ | ၂၁၄.၇၁ | ၇၆.၅၄ | ၄၀.၁၆ | ၄၀.၁၆ |
| | | မတန် | ၆၁,၈၉၁.၅၉ | ၈၂,၇၄၀.၃၆ | ၁၇၀,၃၇၉.၅၁ | ၇၈,၃၄၇.၄၅ | ၃၂,၀၄၆.၁၇ | ၃၂,၀၄၆.၁၇ |
| ၃ | နှမ်း | US$ | ၁၅၀.၇ | ၂၂၈.၂၄ | ၄၁၄.၉၉ | ၂၄၈.၇ | ၁၃၂.၅၇ | ၅၅.၃၄ |
| | | မတန် | ၁၀၀,၇၀၄.၃၅ | ၁၃၂,၇၈၄.၇၀ | ၂၉၇,၇၉၅.၄၂ | ၁၉၇,၁၁၇.၁၉ | ၁၀၀,၀၆၅.၀၉ | ၃၄,၄၆၃.၃၈ |
| ၄ | ပြောင်း | US$ | ၂၁၉.၈၉ | ၃၆၈.၅၅ | ၄၇၂.၈၈ | ၅၇၃.၀၈ | ၅၉၃.၀၄ | ၂၇၁.၃၂ |
| | | မတန် | ၁,၀၆၀,၂၁၈.၆၂ | ၂,၁၉၁,၃၂၅.၂၄ | ၂,၆၀၇,၄၇၆.၁၇ | ၂,၄၁၄,၆၆၅.၀၅ | ၁,၉၂၁,၇၁၅.၁၈ | ၉၀၃,၆၉၈.၅၆ |
| ၅ | ရာဘာ | US$ | ၂၃၉.၈၂ | ၂၃၈.၄၉ | ၄၁၀.၂၆ | ၄၅၈.၅၈ | ၃၂၂.၁၉ | ၁၂၃.၆၉ |
| | | မတန် | ၁၉၁,၆၅၀.၀၄ | ၁၈၄,၈၄၀.၄၅ | ၂၈၈,၂၇၅.၅၅ | ၃၁၅,၁၀၀.၇၈ | ၂၃၉,၃၈၄.၆၅ | ၉၉,၆၆၀.၂၈ |
| ၆ | အခြား | US$ | ၆၉၂.၄၂ | ၈၇၆.၂၀ | ၁,၁၃၂.၅၈ | ၅၁၂.၇၃ | ၆၅၉.၂၅ | ၃၁၁.၃၈ |
| **စုစုပေါင်း** | | **US$** | **၂,၉၈၆.၉၈** | **၃,၆၄၆.၇၉** | **၄,၅၆၀.၄၁** | **၄,၁၀၃.၉၂** | **၃,၉၉၉.၀၂** | **၂,၀၃၅.၇၈** |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)မှ စာရင်းများအပေါ်မူတည်၍ တွက်ချက်ထားပါသည်။

နောက်ဆက်တွဲဇယား-ဂ

## ဘဏ္ဍာနှစ်အလိုက် သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက်အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အမျိုး အမည် | ၂၀၁၈-၁၉ (ပြေီမှ မတ်) | ၂၀၁၉-၂၀၂၀ (ပြေီမှ မတ်) | ၂၀၂၀-၂၁ (ပြေီမှ မတ်) | ၂၀၂၁-၂၀၂၂ (ပြေီမှ မတ်) | ၂၀၂၂-၂၀၂၃ (ပြေီမှ မတ်) | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁-၄-၂၀၂၃ မှ ၁-၁၂-၂၀၂၃)ထိ | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း |
| (က) | ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ | ၆,၂၄၉.၄၁ | ၇,၂၆၁.၇၈ | ၅,၉၀၀.၄၀ | ၃,၃၃၄.၅၇ | ၃,၇၃၂.၄၇ | ၆၆၃.၆၀ | ၁,၇၆၇.၀၇ | ၂,၄၃၀.၆၄ |
| (ခ) | လုပ်ငန်းသုံး ကုန်ကြမ်း ပစ္စည်းများ | ၇,၄၆၄.၈၅ | ၇,၆၁၇.၆၂ | ၅,၅၁၁.၁၇ | ၆,၀၇၅.၂၀ | ၈,၉၅၃.၁၁ | ၁၀၆.၀၄ | ၅,၁၈၅.၂၅ | ၅,၂၉၁.၂၉ |
| (ဂ) | လူသုံးကုန် ပစ္စည်းများ | ၄,၉၆၇.၅၇ | ၅,၀၈၀.၅၄ | ၃,၉၂၅.၉၂ | ၃,၅၁၇.၇၈ | ၄,၆၆၇.၁၃ | ၂၅.၀၁ | ၁,၇၆၁.၀၂ | ၁,၇၈၆.၀၂ |
| (ဃ) | CMP | - | - | ၈၁၅.၂၆ | ၁,၈၉၅.၂၄ | - | ၀ | ၁,၅၅၄.၉၄ | ၁,၅၅၄.၉၄ |
| စုစုပေါင်း | | ၁၈,၆၈၁.၈၄ | ၁၉,၉၅၉.၉၃ | ၁၆,၁၅၂.၇၄ | ၁၄,၈၂၂.၇၉ | ၁၇,၃၅၂.၇၂ | ၇၉၄.၆၀ | ၁၀,၂၆၈.၃၀ | ၁၁,၀၆၂.၉၀ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)မှ စာရင်းများအပေါ်မူတည်၍ တွက်ချက်ထားပါသည်။

နောက်ဆက်တွဲဇယား-ဃ

# ၂၀၂၃-၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း မြေသြဇာတင်သွင်းမှုအခြေအနေ

မက်ထရစ်တန်

| စဉ် | မြေသြဇာအမျိုးအစား | ၂၀၂၃ ခုနှစ် | | | | | | | | | ၂၀၂၄ ခုနှစ် | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧပြီလ | မေလ | ဇွန်လ | ဇူလိုင်လ | သြဂုတ်လ | စက်တင်ဘာလ | အောက်တိုဘာလ | နိုဝင်ဘာလ | ဒီဇင်ဘာလ | ဇန်နဝါရီလ | ဖေဖော်ဝါရီ | မတ်လ | |
| ၁ | Nitrogen | ၄၃,၈၇၉ | ၈၂,၁၆၂ | ၇၃,၀၆၄ | ၁၇၁,၇၉၈ | ၁၂၄,၄၇၃ | ၁၄၁,၂၀၂ | ၂၄,၄၃၃ | ၄၈,၀၁၇ | | | | | ၇၀၉,၀၂၈ |
| ၂ | Phosphate | ၁,၉၀၁ | ၁၅,၇၁၇ | ၀ | ၄,၄၉၇ | ၇,၄၂၁ | ၆,၀၂၄ | ၂၆၄ | ၂,၀၀၀ | | | | | ၃၇,၈၂၄ |
| ၃ | Potassium | ၄,၅၁၃ | ၃,၀၁၂ | ၃,၅၈၃ | ၈,၈၁၈ | ၇,၃၀၄ | ၇,၃၇၄ | ၁၂,၃၅၂ | ၈,၉၇၆ | | | | | ၅၅,၉၃၂ |
| ၄ | Compound | ၁၄,၃၅၅ | ၄၃,၄၃၆ | ၇၆,၂၄၃ | ၆၆,၅၀၅ | ၅၆,၆၄၀ | ၃၃,၁၇၆ | ၂၂,၈၃၇ | ၆,၄၆၅ | | | | | ၃၁၉,၆၅၇ |
| ၅ | Follar | ၁၅ | ၂ | ၁၆၀ | ၁၇၁ | ၉၈ | ၄၉၄ | ၁၈၄ | ၂၂၄ | | | | | ၁,၃၄၈ |
| ၆ | Organic | ၁၂၅ | ၆၅၂ | ၂၀၅ | ၅၂၁ | ၆၄ | ၁၀၅ | ၇၂ | ၀ | | | | | ၁,၇၄၄ |
| ၇ | Gypsum | ၄၅၀ | ၀ | ၁၃၀ | ၃၈၄ | ၀ | ၃၈၄ | ၁၉၂ | ၆၄ | | | | | ၁,၆၀၄ |
| ၈ | Other | ၁၆၃ | ၁,၁၇၉ | ၃,၁၆၇ | ၁,၃၈၃ | ၁,၆၂၆ | ၄၁၃ | ၈၆၄ | ၅၃၉ | | | | | ၉,၃၃၄ |
| စုစုပေါင်း | | ၆၅,၄၀၁ | ၁၄၆,၁၆၀ | ၁၅၆,၅၅၂ | ၂၅၄,၀၇၇ | ၁၉၇,၆၂၆ | ၁၈၉,၁၇၂ | ၆၁,၁၉၈ | ၆,၆၂၈၅ | | | | | ၁,၁၃၆,၄၇၁ |

Source : DOA (Customs Department မှမူရင်း Data များအားကူးယူဖော်ပြပါသည်၊)